မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ်(၁၁၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဇန်နဝါရီ ၂၆

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန် ကင်ယမ်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စင်ကာပူသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်း ပတေးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Ms. Katja Nordgaard တက်ရောက်သည်။

တွေ့ဆုံရာ၌ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်)

ထားဝယ်နိဒါန်းနှင့်အတူ…

ထားဝယ်ဒေသသည်ကား သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝရာ ဒေသတစ်ခုဖြစ်၏။ ရှေးယခင်ကတည်းက ရေမြေသယံဇာတပေါကြွယ်ခြင်းနှင့်အတူ လူသိများထင်ရှားရာဒေသ ဖြစ်ခဲ့သည်။ သို့သော် အခြေအနေ အကြောင်းကြောင်းကြောင့် ထားဝယ်သည် မပွင့်သောပန်းနှယ် ရှိခဲ့၏။

ယနေ့ခေတ်တွင်မူ ထားဝယ်ဒေသသည် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်းနှင့်အတူ ဖွံ့ဖြိုးရေးပန်းတို့ ပွင့်လန်းလာတော့မည် ဖြစ်သည်။ မှန်ပါသည်။ ယနေ့နိုင်ငံတော်က နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှု ကောင်းမွန်ရေးကို အထူးအလေးထား ဆောင်ရွက်သွားသည်နှင့်အမျှ ထားဝယ်ဒေသ၏စီးပွားရေး တံခါးခေါက်သံများ စတင်ကြားနေရပြီ ဖြစ်သည်။ ဤသည်ကိုပင် ထားဝယ်နိဒါန်းဟု ဆိုချင်ပါ၏။

အထူးသဖြင့် ထားဝယ်ဒေသကို အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျရာဒေသအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက်ဟူသည့် ရည်ရွယ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

မဝေးတော့သည့် အနာဂတ်ကာလအတွင်း ထားဝယ်ဒေသသည် အရှိန်အဟုန်ဖြင့် စည်ပင်ဖွံ့ဖြိုးလာနိုင်စရာအကြောင်းတို့က ဖန်လာချေပြီ။ စတုရန်းကီလိုမီတာ ၂၀၄ ဒသမ ၅၁ အကျယ်အဝန်းရှိသော အထူးစီးပွားရေးဇုန်စီမံကိန်း၊ ထားဝယ်မှ မြန်မာ-ထိုင်းနယ်စပ် ဖူနမ်ရွှမ်ကျေးရွာအထိ ကီလိုမီတာ ၁၆၀ ခန့်အရှည်ရှိမည့် အဝေးပြေးကားလမ်းစီမံကိန်း၊ ထားဝယ်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံသို့ သွယ်တန်းမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း၊ ထားဝယ်ဆိပ်ကမ်းမှ ထိုင်းနယ်စပ်အထိ အရှည်ကီလိုမီတာ ၁၇၀ ဖောက်လုပ်မည့် ရထားလမ်းစီမံကိန်း စသည့်စီမံကိန်းတို့က ထားဝယ်ဒေသကို အလှဆင်ကြတော့မည်။

အလားတူ ထားဝယ်ရေနက်ဆိပ်ကမ်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်အနေဖြင့် တန်ချိန်နှစ်သိန်းခန့်နှင့် နောင်တွင် တန်ချိန်သုံးသိန်းခန့်အထိ သယ်ဆောင်နိုင်သော သင်္ဘောများ ဆိုက်ကပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ စီမံကိန်းဧရိယာများနှင့် မလွတ်ကင်းသည့် ကျေးရွာများကိုလည်း အိုးသစ်၊ အိမ်သစ်များဖြင့် အဆင်သင့်နေထိုင်နိုင်ရန် စီမံဆောင်ရွက်ပေးနေပြီ ဖြစ်သည်။

ထားဝယ်ဒေသတွင် ဤသို့စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေများကို ပြဋ္ဌာန်းရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များတွင်လည်း လိုအပ်သောဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ခြင်းနှင့်အတူ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးနိဒါန်းကိုလည်း စတင်လိုက်ပြီဖြစ်သည်။ ဤထားဝယ်နိဒါန်းနှင့်အတူ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ ဒေသခံအလုပ်အကိုင်အခွင့်အလမ်းသစ်များ၊ ခေတ်မီနည်းပညာနှင့် အတတ်ပညာများ၊ ကျွမ်းကျင်လုပ်သားများနှင့် ပညာရှင်များ တိုးပွားလာပြီးသကာလ တစ်နိုင်ငံလုံး အတတ်ပညာနှင့်အရင်းအနှီးများပျံ့နှံ့လျက် နိုင်ငံတော်၏စီးပွားရေး အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည်ဟု မြန်မာ့အလင်းက ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရခိုင်ပြည်နယ်ဥပဒေချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်း

စစ်တွေ ဇန်နဝါရီ ၂၅

ပြည်ထောင်စုရှေ့နေချုပ်ရုံး နေပြည်တော်၌ ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်မှာကြားခဲ့သည့် မူဝါဒဆိုင်ရာမှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီးနောက် ပြည်နယ်ဥပဒေအရာရှိ ဦးစံရွှေမောင်က တရားမစွဲမီ ဥပဒေအကြံပေးကိစ္စ၊ အမှုလိုက်ဆိုင်ရာကိစ္စ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာကြသည့် ဥပဒေအရာရှိများက ဥပဒေရေးရာနှင့် စီမံရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြကြောင်းသိရှိရသည်။ **(အပေါ်ပုံ)** **(ပြည်နယ် ပြန်/ဆက်)**

လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Applian)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး၊ သတိပေးနှိုးဆော်အပ်ပါသည်။ (မီးသတ်ဦးစီးဌာန)

ကြက်ငှက်တုပ်ကွေးနှင့် ကြက်လည်လိမ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး မိုးမောက်မြို့နယ်၌ ရှင်းလင်းဟောပြော

မိုးမောက် ဇန်နဝါရီ ၂၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြင့်စိုးက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအကြောင်း ရှင်းလင်းဟောပြောသည်။ ထို့နောက် မိုးမောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဗိုလ်ဗိုလ်ထွေးက ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏ သိလိုသည့်အချက်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားပြီး ကြက်ငှက်တုပ်ကွေးပိုစတာ၊ ဝက်နားရွက်ပြာရောဂါ လက်ကမ်းစာစောင်၊ ကြက်လည်လိမ်ကာကွယ်ဆေးများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်အရ မန်နောင်ကျေးရွာတွင် ကျွဲ၊ နွား ၂၁၄ ကောင် လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီး မံပုံကျေးရွာတွင် ကြက်ခြံ၊ ဝက်ခြံ၊ နွားခြံများကို ပိုးသတ်ဆေးအခမဲ့ ဖျန်းပေးခဲ့ကြောင်း သိရှိရသည်။ **(တိမွေး/ကုဦးစီးဌာန)**

တပ်ကုန်း၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်နှင့် အလှူငွေများ လှူဒါန်း

တပ်ကုန်း ဇန်နဝါရီ ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းအုပ်စု ဥယျာဉ်ကျေးရွာတွင် ရှေ့ဆောင်လမ်းပြ ဇနသုခ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ဆရာတော် ဦးဝါသေဌက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံအုပ် ၁၀၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြို့နယ်ဦးစီးမှူးတို့က လှူဒါန်းသည့် စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်(ငွေတောင်တန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)ကမြန်မာ့အလင်း၊ကြေးမုံသတင်းစာ၊ လစဉ်ထုတ် ဂျာနယ်မျိုးစုံနှင့် အလှူငွေကျပ်ငါးသောင်း၊ စာကြည့်တိုက်ဒုတိယ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်ဇနီး ဒေါ်ကြည်မိသားစုက အလှူငွေကျပ်ငါးသောင်း၊ စာကြည့်တိုက်ဘဏ္ဍာရေးမှူး ဦးတင်ဝင်းနှင့် ဇနီး ဒေါ်ရီ မိသားစုက အလှူငွေကျပ်ငါးသောင်း တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးသက်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကံသာတို့က လက်ခံယူကြသည်။

ဆက်လက်၍ ဥယျာဉ်ကျောင်းဆရာတော် ဦးသုနန္ဒ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး ဆောင်ရွက်နိုင်မှု အင်းစိန်မြို့နယ်၌ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသိပညာ ဗဟုသုတတိုးပွားရေးဆောင်ရွက်နိုင်မှု ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲက အင်းစိန်မြို့နယ် အထက(၁)၌ ကျင်းပသည်။ အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသိပညာ ဗဟုသုတတိုးပွားရေးဆောင်ရွက်နိုင်မှုဆုများကို မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ချီးမြှင့်ရာ ပထမဆုရ မြို့သစ်(၈)ရပ်ကွက် အမြင်သစ်စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးကလည်းကောင်း**(အပေါ်ပုံ)**၊ ဒုတိယဆုရ ပိန္နဲကုန်းရပ်ကွက် ပိန္နဲကုန်းစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်ကလည်းကောင်း၊ တတိယဆုရ ရွာမအနောက်ရပ်ကွက် မင်းစေတီစာကြည့်တိုက်ကို တိ/မွေးကုဆရာဝန် ဒေါက်တာတင်ထွန်းကလည်းကောင်း ဆုများပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ယောနယ်အသင်း(ရန်ကုန်)သည် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် သတ္တာဒေဝမနုဿာနံယောနယ်အသင်းဓမ္မာရုံ မရမ်းကုန်းမြို့နယ်စွယ်တော်မြတ်စေတီတော်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ ယောနယ်ဒေသ(ဂန့်ဂေါ၊ ဆောမြို့၊ ထီးလင်းမြို့၊ ကလေးမြို့) နယ်သူ နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရသူများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သဖြင့် ပညာရည်ချွန် ဆုချီးမြှင့်ရာတွင် ပါဝင်လှူဒါန်းကုသိုလ်ပြုကြရန်ဖြစ်ပြီး အသင်းမဝင်ရသော ယောနယ်သူ ယောနယ်သားများ အသင်းဝင်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇန်နဝါရီ ၁၈ ရက်က အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း တာမွေမြို့နယ်၏ ကျောင်းဆောင်သစ်ပေးအပ်ပွဲနှင့် မာလ်တီမီဒီယာခန်းဖွင့်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ငွေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းသည် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ လိုက်ပါလျက် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတ၏ဇနီး ဒေါ်ခင်စောနှင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီးအား တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှု၊ အသင်းဝင်အင်အားတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးက တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**

*** ကျော့ဖုံးမှ**

ကျောက်မျက်လုပ်ငန်းရှင်များသည်လည်း နဂါးလာဘ်ကောင်အဖြစ် ပတ္တမြား၊ ကျောက်စိမ်းများ စီခြယ်ထားသည့် နဂါးလာဘ်ကောင် လက်ဝတ်ရတနာများကိုလည်းကောင်း၊ ကားလုပ်ငန်းရှင်များသည်လည်း အနီရောင်များများပါရှိသည့်ကားများ၌ နဂါးပုံများ ရေးဆွဲ၍လည်းကောင်း ဆန်းသစ်ရောင်းချပေးခဲ့ကြသည်။ ၄င်းအပြင် အခြားသော လူသုံးအဆောင်ပစ္စည်းအများစုကိုလည်း နဂါးနှစ်အမှတ်အသားပါဝင်သော အသုံးအဆောင်များ အစားထိုး ရောင်းချပေးခဲ့ကြောင်း အဆိုပါ သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ ***(အင်တာနက်)***

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် စတင်ကျင်းပမည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များသည် ယနေ့နံနက် ၈ နာရီမှ ညနေ ၆နာရီအထိ နေပြည်တော်ရှိ လွှတ်တော်ရုံးသို့ အသီးသီးလာရောက်သတင်းပို့ကြပြီး လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့ လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ပေါင်း ၅၉၇ဦး လာရောက်သတင်းပို့ကြကြောင်းနှင့် အဆိုပါလွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့်သွားလာရေးစသည့် ကိစ္စအဝဝတို့ကို အဆင်ပြေချောမွေ့စေရန် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ကြိုတင်စီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

(၁)	ကြည်း၂၃၂၇၅ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး	(အစား)	ကြည်း၂၀၇၇၁ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့်
(၂)	လေ ၂၆၉၂ ဗိုလ်မှူး ဝေဖြိုးထွတ်	(အစား)	လေ ၂၄၈၅ ဗိုလ်မှူးရန်နိုင်ထူး

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်မြို့ ဩစတြေးလျနိုင်ငံသံရုံး၌ ကျင်းပသည့်ဩစတြေးလျနေ့ (Australia Day) ညှော်ခံပွဲအခမ်း အနားသို့ တက်ရောက် လာသော ကျန်းမာရေး ဝန်ကြီးဌာန ပြည် ထောင် စု ဝန်ကြီး ဒေါက်တာ ဖေသက်ခင် နှင့် ဇနီးအား မြန်မာနိုင်ငံ ဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Ms. Bronte Nadine Moules ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မင်းကွန်းတိပိဋကဆရာတော်ကြီး၏ နှစ်(၁၀၀)ပြည့်အား ရည်စူးပြီး မိဘနှစ်ပါးအား ဦးထိပ်ထား၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ (ဦးမောင်မောင်ခင်)- ဒေါ်ခင်ညို မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ဝင်းအတွင်းရှိ သာသနာ့နှယ်ဝင် သီလရှင်ဆေးရုံ ပြုပြင်မွမ်းမံရန် အလှူငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးသန်းအောင်နှင့်အဖွဲ့ လက်ခံကြစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဇန်နဝါရီ ၁၈ရက်က မြစ်ကြီးနားမြို့၌ အခြေခံကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြော သင်တန်းအမှတ်စဉ် (၁/၂၀၁၂)ဖွင့်ပွဲအခမ်းအနားကျင်းပရာ ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးကြည်လင် သင်တန်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း **လူမှုဒဿန**

လူတော်နှင့်လူကောင်း

"ပညာတတ်လျှင် လူတော်၊ အကျင့်စာရိတ္တကောင်းလျှင် လူကောင်း။ ဒါ့ကြောင့် လူတော်လည်းဖြစ်ပါစေ၊ လူကောင်းလည်း ဖြစ်ပါစေ။"

"It you are educated, you will be a wise- man. If you posses morality, you will be a virtuous man. So you must have both." **(ကိုးဘွဲ့ရဆရာတော်)**

ကျောင်းကုန်း၌ ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်

ကျောင်းကုန်း ဇန်နဝါရီ ၂၅

ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်အတွက် မေတ္တာဥယျာဉ်လူငယ်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲနှင့် အာဟာရ ကျွေးမွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ် (၁)ရပ်ကွက် မဟာဝိသုတာရာမ ကျောင်းတိုက် (ဥယျာဉ်ကြီးကျောင်း) ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စဆရာတော်ထံသို့ မေတ္တာဥယျာဉ်လူငယ်များက ဆေးပဒေသာပင်နှင့် ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်း (မူလွန်) တိုးချဲ့ကျောင်းဆောင်သစ်အတွက် အလှူငွေစုစုပေါင်း ငွေကျပ် သုံးသိန်းကျော်ကို ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းသား ကျောင်းသူများအား အာဟာရအစားအစာများ ကျွေးမွေး လှူဒါန်းကြသည်။

ဆောက်လုပ်ဆဲ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း RC သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်အတွက် အလှူငွေများ လှူဒါန်းလိုပါက ၀၄၆-၄၀၁၃၉၊ ၄၀၄၄၉၊ ၄၀၁၄၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(ဗဇာ)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Ms. Katja Nordgaard လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံကြစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-နော်ဝေး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရေး၊ လွှတ်တော် အနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြန်မာ-နော်ဝေး လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

နော်ဝေးနိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို အားရကျေနပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နော်ဝေးကုမ္ပဏီများ စီးပွားရေးလုပ်ပိုင်ခွင့် ပိတ်ပင်ထားမှုကို ပြန်လည်ရုပ်သိမ်းပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှ တင်ပို့သောကုန်ပစ္စည်းများကို အထွေထွေအထူးအခွင့်အရေးပေးရန် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ခင်မင်ရင်းနှီးစွာ ပြန်လည်ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

တောင်ပိုင်းစွန်းဒေသများတွင် မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၀ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကယ်ဗင် မိုက်ကယ်လ်ရာ့ဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင် လွင်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ်အမ် ကရစ္စနားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကြည့်ရှုခံစား ရုပ်မြင်သံကြားအစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၂၆-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၈း၄၀ ၃။ International News
- ၈း၄၅ ၄။ တေးဂီတအစီအစဉ်
- ၉း၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၁၀ ၁။ တေးဂီတအစီအစဉ်
- ၄း၅၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၇း၀၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၆)
- ၈း၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံတကာသတင်းများ
- ၈။ မိုးလေဝသအခြေအနေ
- ၉။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃၈) (ဇာတ်သိမ်း)
- ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၈)

MRTV-4

၂၆-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၈)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၁)
- ၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၆)
- ၁း၀၀ **ငါမရှိမှ ချမ်းသာမည်** တရားတော် (ဆရာတော်အရှင်လက္ခဏိက)
- ၂း၀၀ MRTV-4 သတင်း
- ၆း၀၀ MRTV -4 သတင်း
- ၆း၁၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၉)
- ၈း၀၀ MRTV -4 သတင်း
- ၉း၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၅၂)
- ၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၇)
- ၂း၀၀ နလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)

မြဝတီရုပ်မြင်သံကြား

၂၆-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ တရားတော်
- ၇း၃၅ ၂။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၃။ မြန်မာ့ရှုခင်း
- ၇း၄၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၈း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၅ ၆။ ဇာတ်လမ်းတို

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၂၀ ၂။ မွေးမြူသုတ
- ၄း၃၀ ၃။ ဇာတ်လမ်းတို
- ၄း၄၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ ၅။ ဗွီစီဒီကျော်ကြားတေး
- ၅း၀၅ ၆။ မီးသတိပေးနှိုးဆော်ချက်
- ၅း၁၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၁၃၈)
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၃၀ ၁၀။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၁။ ကာတွန်းအစီအစဉ် **ရူပါဟမ်းစတား** (အပိုင်း-၁၉)
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာစေတမန်** (အပိုင်း-၁၀)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အနုပညာရှင်၏တစ်နေ့တာ
- ၁၇။ လျှပ်တစ်ပြက်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်နေ့သောအခါ** (အပိုင်း-၉)

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား ILO ရုံး အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား ဂျီနီဗာမြို့ရှိ ILO ရုံး အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder ခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီအဆောက်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ လွှတ်တော်များတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အစိုးရ၊ လွှတ်တော်နှင့်နိုင်ငံရေးပါတီများ ပူးပေါင်း၍ ပြည်သူတို့၏ဆန္ဒများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ILO အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့၏ပြဋ္ဌာန်းချက်များအား အလေးအနက်ထား ဆောင်ရွက်နေမှု၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဝင်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အလက (၁)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်း၌ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မောင်ထွန်းတိမ်ယံဦးအား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကျော် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း

အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

အကောက်ခွန်ဦးစီးဌာန၏ အဓိက ရည်မှန်းချက် တာဝန်(၅)ရပ်အရ နိုင်ငံတော်အတွင်းသို့ တင်သွင်းလာသော ပစ္စည်းများ၊ နိုင်ငံတော်ပြင်ပသို့တင်ပို့သော ပစ္စည်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အခွန်အကောက်များ စည်းကြပ်ကောက်ခံခြင်း၊ တင်သွင်းမှု/ တင်ပို့မှုများ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုန်ကန်မှု ရှိ/ မရှိ စိစစ်ကြီးကြပ်ခြင်း၊ တရားမဝင် တင်သွင်း/တင်ပို့မှုများကို ကာကွယ်တားဆီးခြင်း၊ စုံစမ်းဖော်ထုတ် အရေးယူခြင်း၊ တင်သွင်း/ တင်ပို့ခြင်းဆိုင်ရာ ကုန်သွယ်မှုကိန်းဂဏန်းများ စာရင်းဇယားများပြုစုခြင်းနှင့် ပြည်ပကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုခြင်းစသည့် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ရာတွင် ချိုသာပျူငှာသည့် ပြောဆိုဆက်ဆံမှု၊ တိကျမှန်ကန်မြန်ဆန်သည့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိတ်ရင်းစေတနာအမှန်ဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဌာန၏ လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်သည့်အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ လုပ်ငန်းအောင်မြင်မှုများ ပိုမိုတိုးတက်ရရှိအောင် ဆောင်ရွက်ကြရန်နှင့် အဂတိတရားကင်းရှင်းစွာဖြင့် ဝန်ထမ်းအဆင့်ဆင့်က အင်တိုက်အားတိုက် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်းဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများကို တွေ့ဆုံရာ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနအလိုက်ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းဆောင်ရွက်မည့် လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိ၏ကွပ်ကဲမှုအောက်ဌာန၏လုပ်ငန်းတာဝန်များထိရောက်အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် ဝန်ထမ်းများအား ဦးဆောင်ဦးရွက်ပြုကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကမ်းနားလမ်းရှိ မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းတို့၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ X-Ray Scanning စက်ဖြင့် ကုန်သေတ္တာများ စစ်ဆေးမှုနှင့် ယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ အစားထိုးယာဉ်တင်သွင်းခြင်း လုပ်ငန်းဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းအား

နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းအား နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jonas Gahr Store နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Ms. Katja Nordgaard တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ

သတိထားသင့်သည့် ခြံ၊ မြေ၊ လယ်ယာမြေ စိတ်ပိုင်းရောင်းဝယ်နေမှုများ

မောင်ဇော် - ရေးသားသည်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၁၁ ခုနှစ်သည် ပြောင်းလဲမှုများနှင့် ပြည့်နေသော နှစ်တစ်နှစ်ဟု ဆိုလျှင် ငြင်းနိုင်မည်မဟုတ်ပါ။ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကြောင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ယခင်ကာလထက် ပိုမိုတိုးတက်လာတော့မည် ဖြစ်သည်။ အမေရိကန်၊ ဥရောပ၊ ဂျပန်၊ အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိသည့် သတင်းများကို ကြားသိနေရသည်။

ထိုသို့သော အခြေအနေများကြောင့် အိမ်ခြံမြေဈေးများ မြင့်တက်လာခဲ့သည်။ ဒဂုံမြို့သစ်မြို့နယ်များ၊ သန်လျင်မြို့နယ် သီလဝါစက်မှုဇုန်နှင့် ဒလမြို့နယ် စသည့်မြို့နယ်များ၏ မြေကွက်ဈေးနှုန်းသည် အံ့သြလောက်အောင် မြင့်တက်သွားခဲ့သည်။ ယင်းသို့ အိမ်၊ ခြံ၊ မြေ ဈေးနှုန်းများမြင့်တက်လာမှုဂယက်သည် လှိုင်သာယာမြို့နယ်၊ ထန်းတပင်မြို့နယ်များသို့လည်း ရိုက်ခတ်လာခဲ့သည်။ စစ်မှန်သော သက်သေခံ အထောက်အထားမှန်များဖြင့် ရောင်းကြ၊ ဝယ်ကြခြင်းသည် မျှတသောဈေးကွက်၊ သင့်လျော်သော စီးပွားရေးအခြေခံများကို အထောက်အကူပြုနေမည်ဖြစ်သည်။

သို့သော် လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်အတွင်းရှိ လယ်ယာမြေကွက်များအား လောလောဆယ်ရောင်းဝယ်နေမှုများမှာ ဥပဒေနှင့်ညီညွတ်မှု ရှိမရှိကို သက်ဆိုင်ရာဌာနများက သိရှိမည်ဟုထင်ပါသည်။ တူးချောင်းကျေးရွာတွင် ပေ ၂၀ × ပေ ၆၀ ဥယျာဉ်ခြံမြေကွက်သည် ငွေကျပ် သိန်း ၃၀ ၊ ရိုးကြီး၊ ရိုးလေး၊ ရွာလယ်လမ်းမ ပေ ၂၀ × ပေ ၆၀ အိမ်အဖြစ် ပါသည့် မြေကွက်တစ်ကွက်လျှင် ငွေကျပ် သိန်း ၇၀၊ လယ်မြေကိုစိတ်ပိုင်း၍ရောင်းသည့် အလယ်ရွာတွင် ပေ ၄၀ × ပေ ၆၀ တစ်ကွက်လျှင် ငွေကျပ် ရှစ်သိန်း၊ ရွာအတွင်း၌ ပေ ၂၀ × ပေ ၆၀ တစ်ကွက်လျှင် သိန်း ၄၀၊ စည်ပင်သာယာတွင် ပေ ၃၀× ပေ ၁၀၀ လျှင် ငွေကျပ် ၁၅ သိန်း စသည်ဖြင့် ရောင်းဝယ်လျက်ရှိသည်ဟု သိရှိရသည်။

ကျေနပ်လျက်ရှိ

အရောင်းအဝယ် ပြုလုပ်ရာတွင် မြေပိုင်ဆိုင်မှု အထောက်အထားမရှိဘဲ အခြေခံရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများအား အသိသက်သေပြု၍ ရောင်းဝယ်ကြခြင်းဖြစ်သည်။ ယခုအခြေအနေတွင် ရောင်းသူ၊ ဝယ်သူ ကျေနပ်လျက် ရှိနေကြသည်။

"တကယ်တော့ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူးပေါ့ဗျာ။ ဖြစ်လာခဲ့ရင် ဘာမဟုတ်တာလေးနဲ့ ပြဿနာဖြစ်နိုင်တယ်ဗျ။ နိုင်ငံတော်မှာ လယ်ယာမြေဥပဒေအသစ်ကို လွှတ်တော်မှာ ဆွေးနွေးနေတုန်းပါ။ လက်ရှိမှာ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေရှိတယ်ဗျာ။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄ မှာ ဤဥပဒေနှင့်လည်းကောင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်လည်းကောင်း မညီညွတ်လျှင် လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်း(သို့မဟုတ်) ခွဲစိတ်ခြင်းမပြုလုပ်ရဟု၍ ပြဋ္ဌာန်းထားတဲ့အတွက် အခုလိုရောင်းဝယ်နေကြတာဟာ ဥပဒေအရ မသင့်တော်ဘူးလို့ ကျွန်တော်ကတော့ မြင်တယ်ဗျာ" ဟု ဥပဒေပညာရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

ယခုအခြေအနေမှာ ဖြစ်သင့်သည်ထက်ပို၍ ဈေးနှုန်းမြင့်တက်နေခြင်း၊ လယ်ယာမြေကို စိတ်ပိုင်းရောင်းချနေခြင်းဖြစ်သည်။ စီမံကိန်းများရှိပါက ဝယ်ထားသည့် မြေကွက်အတွက် လျော်ကြေးရမှာပါ။ နစ်နာကြေး တောင်းရမှာပေါ့ဟု ပြောဆိုသူ ဝယ်လက်များကတစ်မျိုး၊ ကိုယ့်ဘက်က ဘာအထောက်အထားမှပေးရတာမှ မဟုတ်တာ၊ နောင်ပေါ်လာမယ့် လယ်ယာမြေဥပဒေအသစ်အရ ကိုယ့်လယ်မြေကိုယ်ပိုင်ခွင့်ရမှာ ပူစရာမလိုဘူး၊ လောလောဆယ် ငွေရဖို့က အရေးကြီးတယ်ဟု ပြောဆိုသည့် ရောင်းသူများက တစ်ဖုံ။

စောင့်ကြည့်လေ့လာ

နိုင်ငံတော်အစိုးရသစ်၏ စီးပွားရေး၊ ငွေရေး၊ ကြေးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒအပြောင်းအလဲများ အကောင်အထည်ဖော် ဆောင်ရွက်မည့် သတင်းကို အသုံးပြုလျက် ထပ်ဆင့်ထင်ကြေးများ၊ ကောလာဟလများ ဆင့်ပွားဖန်တီးကာ ဝယ်ရောင်းစီးပွားရေးသမားတို့ ရည်ရွယ်ချက်ရှိရှိဖြင့် အိမ်၊ ခြံ၊ မြေ ဈေးကွက်အတွင်း ဝင်ရောက်လှုပ်ရှားနေသည့် အခြေအနေဖြင့် ကြုံနေရပေသည်။ သို့ပါ၍ နိုင်ငံတော်အစိုးရသစ်၏ ပြုပြင်ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်နေသည့် Image ကို မထိခိုက်စေရန်၊ မည်သူမျှနစ်နာမှု မရှိစေရန်၊ မလိုလားအပ်သော ပြဿနာများမဖြစ်ပေါ်စေရန် သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများက သတိဖြင့် စောင့်ကြည့်လေ့လာသင့်ပါကြောင်း။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်

မီးလောင်ပေါက်ကွဲမှု အဓိကအကြောင်းအရင်း စစ်ဆေးတွေ့ရှိပြီ

ရန်ကုန် ဇန်နဝါရီ ၂၅

သာမန်မီးလောင်ပေါက်ကွဲမှုထက်ကျော်လွန်ကာ ရန်ကုန်တစ်မြို့လုံးနီးပါး တုန်ခါခဲ့ရပြီး မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သားများ သေကျေခဲ့ရသည့်အပြင် လူပေါင်းများစွာ ပြင်းထန်သော ဒဏ်ရာများရရှိစေခဲ့သည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှုဖြစ်ရပ်မှန်အား ပြည်သူများက စိတ်ဝင်စားနေကြသည်။ သိချင်နေကြသည်။ ယခုအခါ မီးလောင်ပေါက်ကွဲရခြင်း၏ ဖြစ်ရပ်မှန်ကို ဖော်ထုတ်ရရှိခဲ့ပြီဖြစ်သည်။

ဖြစ်စဉ်မှာ ဂိုဒေါင်အမှတ်(၈၀)က မီးစတင်လောင်ခဲ့ပြီး ဂိုဒေါင်အမှတ်(၇၉)သို့ မီးကူးကာ ပေါက်ကွဲမှုကြီး ဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုမီးလောင်ပေါက်ကွဲမှု အဖြစ်မှန်ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ အခြားသက်ဆိုင်သောအဖွဲ့များက စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ စစ်ဆေးရာတွင် သက်ဆိုင်ရာ ဂိုဒေါင်များအား ငှားရမ်းအသုံးပြုပစ္စည်းသိုလှောင်ထားသူများ၊ သက်ဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများအား တွေ့ဆုံခေါ်ယူမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးစတင်လောင်ကျွမ်းမှုမှာ အီလက်ထရွန်နစ်ပစ္စည်းများ သိုလှောင်ထားရာ ဦးမျိုးသန့်၏ ဂိုဒေါင်အမှတ် (၈၀)တွင် အင်ဗာတာခလုတ်များ၊ ဝရိန်ဆော်သည့် လျှပ်စစ်ပစ္စည်းများကို ပြန်မပိတ်မိဘဲ ထားသွားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဆိုသည်။ ထို့နောက် ယင်းဂိုဒေါင်နှင့်ကပ်လျက် ပရဆေးနှင့်ဓာတုဗေဒပစ္စည်းများ သိုလှောင်ရာ ဦးမောင်မောင်ဝင်း၏ ဂိုဒေါင်အမှတ် (၇၉)သို့ မီးကူးစက်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ၎င်းနောက် အလွန်ပြင်းထန်သော ပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ရကြောင်း သိရှိရသည်။

စစ်ဆေးတွေ့ရှိ

စစ်ဆေးရေးအဖွဲ့က ဦးမောင်မောင်ဝင်းအား စစ်ဆေးမှုပြုခဲ့ရာ ၎င်းသည် ပရဆေးရောင်းဝယ်မှုတစ်ခုတည်းကိုသာ အဓိကလုပ်ကိုင်နေရာမှ အမြတ်အစွန်းများပြားစွာရရှိသည့် ယမ်းစိမ်း (ပိုတက်ဆီယမ်နိုက်ထရိတ်)၊ တရုတ်ယမ်းစိမ်း (ပိုတက်ဆီယမ်ကလိုရိတ်)၊ ပုလဲဓာတ်မြေသြဇာ (အမိုးနီးယမ်နိုက်ထရိတ်)၊ ဆေးဒန်း/ ကန့် (အာဆင်းနစ်ဆာလဖိတ်/ရက်ဒ်ဖော့) စသော ဓာတုဗေဒပစ္စည်းများအား အိန္ဒိယ၊ ထိုင်း၊ တရုတ်နယ်စပ်တို့မှ တင်သွင်းရောင်းဝယ်ဖြန့်ဖြူးမှုများ ပြုလုပ်ခဲ့ကြောင်း စစ်ဆေး တွေ့ရှိရသည်ဟု ဆိုသည်။

မီးလောင်ချိန်တွင် ဂိုဒေါင်အမှတ် (၇၉)အတွင်း၌ ဓာတုဗေဒပစ္စည်းတန်ချိန် ၁၀၇ ဒသမ ၇၄၂ တန်၊ ပရဆေးပစ္စည်းမျိုးစုံ တန်ချိန် ၈၈ ဒသမ ၆၅၂ တန် သိုလှောင်ထားရှိကြောင်း သိရသည်။ ထိုသို့ ဓာတုဗေဒဆေးပစ္စည်းများ၊ ပေါက်ကွဲစေတတ်သည့် ယမ်းများအပါအဝင် အချို့ပစ္စည်းများအား တရားမဝင် သိုလှောင်ထားမှုကြောင့် မီးအရှိန်ဖြင့် ဓာတ်ပြုပြီး ပြင်းထန်သော ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကူးတို့ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်အား တွေ့ဆုံမေးမြန်းကြည့်ရာတွင် "အစက ဒီဂိုဒေါင်တွေထဲမှာ ဘာတွေ သိုလှောင်ထားမှန်း မသိခဲ့ပါဘူး၊ တကယ်တော့ ဒီဂိုဒေါင်တွေက ဌာနတစ်ခုကပိုင်တဲ့ ဂိုဒေါင်တွေပါ၊ အငှားချထားတာပါ။ ဟုတ်ပါတယ်၊ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေက တရားဝင် ခေါ်ယူမေးမြန်းခဲ့ပါတယ်။ နောက် အခြားအဖွဲ့တွေကလည်း ဒီလိုပဲ လာရောက်စုံစမ်းမေးမြန်းမှုတွေ ပြုခဲ့ပါတယ်" ဟု ပြောကြားပေးသည်။

ပြောကြား

မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှူးရဲအုပ်မောင်မောင်အောင်(အမှုစစ်)က "ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ ဂိုဒေါင် အမှတ်(၈၀)ကို ငှားရမ်းအသုံးပြုခဲ့တဲ့ ဦးမျိုးသန့်နဲ့ စာရေး ကိုသန်းထွန်း၊ နောက်တရားမဝင် ဓာတုဗေဒပစ္စည်းတွေ သိုလှောင် ထားတဲ့ ဂိုဒေါင်အမှတ်(၇၉)ကို ငှားရမ်းအသုံးပြုခဲ့တဲ့ ဦးမောင်မောင်ဝင်းတို့ကို အခုလောလောဆယ် ပ-၇၇၈/၂၀၁၁၊ ပုဒ်မ-၂၈၅/၂၈၆/၃၃၈/၃၀၄(က)နဲ့ အရေးယူထားပါတယ်။ အသေးစိတ် ထပ်မံစစ်ဆေးပြီးတဲ့အခါ ပေါ်ပေါက်လာတဲ့ ပြစ်မှုတွေအပေါ် အမှုကို ခိုင်မာစွာတည်ဆောက်ပြီး ဥပဒေနဲ့အညီ အရေးယူနိုင်ဖို့ ဆောင်ရွက်သွားမှာပါ" ဟု မြန်မာ့အလင်း သတင်းအဖွဲ့အား ပြောကြားခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံပြီး ပျက်စီးသွားသော အိမ်အဆောက်အအုံများအား လှည့်လည်ကြည့်ရှု ဓာတ်ပုံရိုက်ရင်း စနည်းနာကြည့်ရာ အသက်(၇၀)ကျော် အဘတစ်ဦးက "ဖြစ်တာတော့ ဖြစ်ပြီးသွားပါပြီ၊ ဒါပေမယ့် နောင်ကို အခုလို ဓာတ်ပြုပေါက်ကွဲစေတတ်တဲ့ပစ္စည်းမျိုးတွေဆိုရင် သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေအနေနဲ့ သေသေချာချာစစ်ဆေးပြီး လူနေတဲ့ အရပ်နဲ့ဝေးရာမှာပဲ သိုလှောင်ခွင့်ပြုပါလို့ အဘကိုယ်စား အကြံပြုပေးပါ လူလေးရယ်"ဟု ပြောကြားခဲ့ပါကြောင်း. . . ။

(သတင်းမှတ်စု-တင်ဝင်းလေး)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အီရန်နျူကလီးယားပြဿနာဖြေရှင်းရေး အိုင်အေအီးအေကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်

အိုင်အေအီးအေအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဟာမန်နက်ကပ်

ဗီယင်နာ ဇန်နဝါရီ ၂၅

အီရန်နိုင်ငံသို့ ဇန်နဝါရီ ၂၉ ရက်မှ ၃၁ရက်အထိ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က စီစဉ်လျက်ရှိကြောင်း ဇန်နဝါရီ ၂၄ရက်က အတည်ပြုကြေညာသည်။

အီရန်ခရီးစဉ်၏ရည်ရွယ်ချက်မှာ အီရန်နိုင်ငံ၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ထင်ရှားသည့်ကိစ္စအားလုံး ဖြေရှင်းရန်ဖြစ်ကြောင်း အိုင်အေအီးအေက ကြေညာသည်။

အိုင်အေအီးအေ ကိုယ်စားလှယ်အဖွဲ့သည် အပြုသဘောဖြင့် အီရန်ကိုသွားမည်ဖြစ်ကြောင်း၊ အလားတူပင် အီရန်ဘက်ကလည်း သဘောထားမည်ဟု မိမိတို့ယုံကြည်ကြောင်း အိုင်အေအီးအေညွှန်ကြားရေးမှူးချုပ် ယူကီယာအမာနိုက ဇန်နဝါရီ ၂၄ ရက်၌ ပြောကြားလိုက်သည်။ အီရန်သွားမည့် အိုင်အေအီးအေကိုယ်စားလှယ်အဖွဲ့ကို အိုင်အေအီးအေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဟာမန်နက်ကပ်က ဦးဆောင်သွားရောက်မည်ဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်မြောက်ပိုင်းမှ ပြည်သူ့စစ်များ အမေရိကန်အကူအညီအထောက်အပံ့များရရှိ

ကဘူးလ် ဇန်နဝါရီ ၂၅

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်တို့ပိုမိုအားကောင်းလာစဉ် တာလီဘန်တို့၏စိုးမိုးခြယ်လှယ်မှုကိုတန်ပြန်ရန်အတွက် အမေရိကန်က နိုင်ငံမြောက်ပိုင်း၌ ပြည်သူ့စစ်အုပ်စုများကို ပျိုးထောင်အားပေးလျက်ရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

အားကောင်း

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ အရောက်အပေါက်နည်းသည့် နိုင်ငံမြောက်ပိုင်းကွန်ဒူပြည်နယ်တွင် အမေရိကန်ထောက်ခံအားပေးသည့် အာဘာကီပြည်သူ့စစ်များ အားကောင်းလျက်ရှိသည်။

ပြောကြား

မိမိတို့အား နိုင်ငံခြားမိတ်ဆွေများက ကူညီထောက်ပံ့နေကြောင်း၊ လစဉ် အမေရိကန်ဒေါ်လာ ၁၅၀မှ ၃၀၀ အထိ ထောက်ပံ့နေကြောင်း ထိုဒေသခံပြည်သူ့စစ်ခေါင်းဆောင် နာဘီခန်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်ဝန်ကြီးဌာနနှစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့မှု အကြမ်းဖက်သမား ၁၁ ဦးအား သေဒဏ်ပေး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံ၌ ၂၀၀၉ ခုနှစ်က ဝန်ကြီးဌာနနှစ်ခုကို ပြုတ်ပြုတ်ပြန်းအောင် ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူ ၁၁ ဦးအား သေဒဏ်ပေးမှုကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အောက်ဝဲပုံ)**

ဝန်ကြီးဌာနနှစ်ခုကို အကြမ်းဖက်မှု၌ ပါဝင်ပတ်သက်သဖြင့် လူ ၁၁ ဦးအား သေဒဏ်ချမှတ်ခြင်းကို သမ္မတရုံးက အတည်ပြုလိုက်ကြောင်း သမ္မတရုံးမှ အမည်မဖော်လိုသည့် အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ရှင်းပြ

အယူခံမှုများ ဆက်လက်တင်နေသည့်အတွက် အယ်လ်ခိုင်ဒါအဖွဲ့ဝင်များအပါအဝင် အကြမ်းဖက်သူများအား ကွပ်မျက်ရန် နောက်ဆုံးအတည်ပြုဖို့ နှစ်နှစ်ကြာသွားကြောင်း ယင်းအရာရှိက ရှင်းပြသည်။

ဒဏ်ရာရရှိ

၂၀၀၉ ခုနှစ် ဩဂုတ် ၁၉ ရက်က ဘဂ္ဂဒက်မြို့တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၀၆ ဦးသေဆုံးပြီး ၆၀၀ ခန့်ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

နေမုန်တိုင်းများ ကမ္ဘာသို့ ကျရောက်နိုင်



ဝါရှင်တန် ဇန်နဝါရီ ၂၅

နေပြိုဟ်မှ ပေါက်ကွဲမှုများကြောင့် ထွက်ပေါ်လာသော စူးရှပြင်းထန်သည့် အလင်းရောင်ဖြာထွက်မှုများသည် နေမုန်တိုင်းသဖွယ်ဖြစ်ပေါ်ကာ ကမ္ဘာပေါ်သို့ ယခုရက်ပိုင်းအတွင်း ကျရောက်နိုင်ကြောင်း နာဆာအာကာသသိပ္ပံပညာရှင်များက ဇန်နဝါရီ ၂၅ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။ **(ဝဲပုံ)**

အဆိုပါ အလင်းတန်းများသည် ကမ္ဘာမြေသို့ တစ်စက္ကန့်လျှင် ကီလိုမီတာ ၂၂၀၀နှုန်းခန့်ဖြင့် ကျရောက်လာမည်ဖြစ်ရာ ကမ္ဘာမြေအထက်ဝန်းကျင်တွင် သံလိုက်ဓာတ်များ ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။

ထိုသို့ဖြစ်ပေါ်မှုကြောင့် ကမ္ဘာမြေရှိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကွန်ရက်များထိခိုက်နိုင်ပြီး ဆက်သွယ်ရေးစနစ်များနှင့် ဂြိုဟ်တုကွန်ရက်စနစ် ချိတ်ဆက်ထားမှုများကိုလည်း အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း ၎င်းတို့ကဆက်လက်ပြောကြားသည်။ ထို့အတူလေကြောင်းပျံသန်းမှုများ အနည်းငယ်ထိခိုက်နိုင်ပြီး နိုင်ငံတကာအာကာသယာဉ်စခန်းတွင်လည်း ပုံမှန်လုပ်ငန်းစဉ်များ အနှောင့်အယှက်ဖြစ်ပွားနိုင်သဖြင့် နိုင်ငံတကာအာကာသယာဉ်စခန်းပေါ်တွင်ရှိနေသော အာကာသယာဉ်မှူးခြောက်ဦးတို့အား လုပ်ငန်းများခေတ္တရပ်ဆိုင်းထားရန် နာဆာမှသတင်းပေးပို့ထားသည်။

နေမုန်တိုင်းဒဏ်ကြောင့် ၁၉၇၂ ခုနှစ်က အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် တယ်လီဖုန်းဆက်သွယ်ရေးစနစ်များ အချိန်ကြာမြင့်စွာ ပြတ်တောက်သွားခဲ့ဖူးသည်။ ထို့အတူ ၁၉၈၉ ခုနှစ်ကလည်း နေမုန်တိုင်းဒဏ်ကြောင့် ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်တွင် ဒေသခံပြည်သူခြောက်သန်းခန့် အချိန်ကြာမြင့်စွာ ဓာတ်အားပြတ်တောက်ခဲ့ရသည်။ **(အင်တာနက်)**

ပါပူဝါနယူးဂီနီ၌ မြေပြိုမှုဖြစ်ပွား၊ ၆၀ သေဆုံး

ပို့မိုရက်ဘိုင် ဇန်နဝါရီ ၂၅

ပါပူဝါနယူးဂီနီနိုင်ငံတောင်ပိုင်း ကုန်းမြင့်ဒေသတွင် ဇန်နဝါရီ ၂၄ ရက်က မြေပြိုမှုဖြစ်ပွားရာ ဒေသခံပြည်သူ ၆၀ ခန့် သေဆုံးခဲ့ကြောင်း ပါပူဝါနယူးဂီနီအရာရှိများက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ဖြစ်ပွားခဲ့

ဖြစ်ပွားမှုမှာ တောင်ပိုင်းကုန်းမြင့်ဒေသရှိ တာရီမြို့တွင် ဇန်နဝါရီ ၂၄ ရက် နံနက် ၇ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းနေရာမှာ ပါပူဝါနယူးဂီနီမြို့တော်၏ အနောက်မြောက်ပိုင်းတွင်တည်ရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီတစ်ခုက စီမံကိန်းတစ်ရပ်အကောင်အထည်ဖော်နေသော ဒေသတစ်ခုလည်း ဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက မြေပြိုမှုဖြစ်ပွားသည့်နေရာသို့သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

မလေးရှားနိုင်ငံ ဘော်နီရိုကျွန်း၌ မြေကျင်းအတွင်းကျနေသော တစ်လသားအရွယ် ဆင်ထီးလေးအား ကယ်ဆယ်နိုင်ခဲ့

ကွာလာလမ်ပူ ဇန်နဝါရီ ၂၅

မလေးရှားနိုင်ငံ ဘော်နီရိုကျွန်းပေါ်တွင် နက်ရှိုင်းသော မြေကျင်းတစ်ကျင်းအတွင်းကျနေသော တစ်လသားအရွယ်ဆင်လေးတစ်ကောင်ကို မလေးရှားနိုင်ငံ တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များက ကယ်ဆယ်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါဆင်လေး **(အောက်ယာပုံ)**မှာ အထီးဖြစ်ပြီး ဘော်နီရိုကျွန်း ဆာဘတ်ပြည်နယ်ရှိ အုန်းပင်စိုက်ခင်းတစ်ခင်းအနီး အလွန်နက်သောမြေကျင်းအတွင်း ကျရောက်နေခြင်း ဖြစ်သည်။ ယခုအဖြစ်အပျက်မျိုး ကယ်ဆယ်ခဲ့မှုမှာ ၂၀၀၉ ခုနှစ်ကတည်းက စတင်ပြီး ငါးကြိမ်မြောက်ဖြစ်သည်။ ယင်းသို့ ကယ်ဆယ်မှုများအနက် သုံးကြိမ်မှာ မြေကျင်းအတွင်း၌ ဆင်လေးများ သေဆုံးနေခဲ့သည်။

ဘော်နီရိုကျွန်းသစ်တောဧရိယာအတွင်း ဆင်ရိုင်းကောင်ရေ ၂၀၀၀ ခန့်ရှိကြောင်း၊ ယင်းတို့မှာ အာရှမျိုးကွဲဆင်မျိုးများဖြစ်ကြောင်း၊ အရွယ်အစားမှာ အခြားဆင်များထက် ခန္ဓာကိုယ်အရွယ်အစားသေးငယ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ယခုကယ်ဆယ်လိုက်သည့် ဆင်ထီးလေးမှာ ခန္ဓာကိုယ်အလေးချိန် ပေါင် ၁၁၀ ခန့်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၅-၁-၂၀၁၂)

>> တင်မောင်လွင် - စုစည်းသည် <<

ဩစတြေးလျကမ်းခြေများတွင် မိုးသည်းထန်ပြီး ရေလွှမ်း

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်ရှိ ဂိုးဒင်းကမ်းခြေ၊ ဆမ်းရှိုင်းကမ်းခြေ၊ ဘရစ်ဘိန်းကမ်းခြေတို့ဒေသတို့တွင် ဇန်နဝါရီ ၂၄ ရက်က မိုးရေချိန်မီလီမီတာတစ်ရာကျော်အထိ မိုးများသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဒေသအတွင်းရှိ နေအိမ်များ၊ လမ်းများတွင် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

ဆမ်းရှိုင်းကမ်းခြေတွင် ယင်းနေ့က မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်တစ်ဒါဇင် ရေနစ်မြုပ်သွားခဲ့ကြောင်း၊ မိုးလေဝသဌာနကလည်း ယခုတစ်ပတ်အတွင်း ယင်းဒေသတွင် မိုးများပိုမိုရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း ဩစတြေးလျသတင်းဌာန အေဘီစီက သတင်းထုတ်ပြန်ခဲ့သည်။ ဘရစ်ဘိန်းဒေသတွင် မိုးသည်းထန်မှုကြောင့် ဘရစ်ဘိန်းလေဆိပ်မှ လေယာဉ်ပျံသန်းမှုများ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ ဘရစ်ဘိန်း အနောက်တောင်ပိုင်းတွင် မြို့တွင်းရှိလမ်းအချို့ ရေလွှမ်းမှုကြောင့် ကားအတွင်း ဒုက္ခရောက်နေသည့် လူသုံးဦးအား လွတ်မြောက်ရန်စီစဉ်ခဲ့ရကြောင်း၊ ဂိုးဒင်းကမ်းခြေတွင် ၂၄ နာရီအတွင်း မိုးရွာသွန်းမှုမှာ မိုးရေချိန် မီလီမီတာ ၂၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း အဆိုပါသတင်းဌာနက ဆက်လက်ထုတ်ပြန်ခဲ့သည်။

နယူးဇီလန်၌ လေယာဉ်ပျက်ကျ၊ နှစ်ဦးသေဆုံး

နယူးဇီလန်နိုင်ငံ မြောက်ကျွန်း ဖီးလဒင်းမြို့တွင် ဇန်နဝါရီ ၂၃ ရက် နံနက်က လေယာဉ်ငယ်တစ်စင်းပျက်ကျသဖြင့် လိုက်ပါသူနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုကြေညာသည်။ လေယာဉ်ငယ်သည် ဖီးလဒင်းမြို့ တီမိုနာပတ်အရပ်တွင် ဇန်နဝါရီ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်က ပျက်ကျသဖြင့် သက်ဆိုင်ရာက ယင်းနေရာတွင် လိုအပ်သည့်အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း နယူးဇီလန်အသံလွှင့်ဌာနက ကြေညာခဲ့သည်။ ပျက်ကျသည့်လေယာဉ်ငယ်မှာ ပျက်စီးပြီး မီးလောင်ကျွမ်းသွားသည်ဟုလည်း ရဲတပ်ဖွဲ့က အတည်ပြုကြေညာသည်။

ထိုင်းနိုင်ငံတွင် မီးရှူးမီးပန်းမတော်တဆမှုကြောင့် မီးလောင်မှုဖြစ်ပွား

ထိုင်းနိုင်ငံ အလယ်ပိုင်း ဆူပန်ဘူရီပြည်နယ်တွင် ဇန်နဝါရီ ၂၄ရက်ညက မီးရှူးမီးပန်းများ မတော်တဆဖြစ်ပွားမှုကြောင့် လူလေးဦးသေဆုံးပြီး ၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ ဖြစ်ပွားမှုမှာ ယင်းနေ့ ဒေသစံတော်ချိန် ည ၉နာရီ ၁၀မိနစ်က တရုတ်နှစ်သစ်ကူးပွဲအတွက် ပြသသည့် မီးရှူးမီးပန်းတစ်ခုမှ မီးပွင့်မီးပွားများသည် အဆိုပါဒေသအနီးရှိ လူနေရပ်ကွက်တစ်ခုအတွင်းရှိ သစ်သားအိမ်တစ်လုံးပေါ်သို့ကျကာ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုကြောင့် လူလေးဦး သေဆုံးပြီး ၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ဒေသတွင်းရှိ ဆေးရုံနှစ်ရုံသို့ ပို့ထားကြောင်း Khaosod သတင်းစာက ဖော်ပြသည်။ ယင်းမီးလောင်ရသည့်မြင်ကွင်းကို ထိုအနီးနားတွင် ရပ်ထားသည့် ကားအတွင်းမှ မြင်တွေ့ခဲ့ရသည်ဟု ဆင်ပွာသတင်းထောက်တစ်ဦးက ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်းတွင် ငါးဖမ်းသမား ၁၅ ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘာတ်စီလန်ကျွန်းကမ်းလွန်တွင် ပင်လယ်ဓားပြများ တိုက်ခိုက်ခံရမှုကြောင့် ငါးဖမ်းသမား အနည်းဆုံး ၁၅ ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရတပ်ဖွဲ့က ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

သေဆုံးသူများသည် ဇမ်ဘိုအင်မ်ဂါဒယ်ရှူးလူမျိုးများဖြစ်ကြောင်း၊ ၎င်းတို့သည် ငါးဖမ်းလှေ သုံးစင်းပေါ်တွင် ရှိနေစဉ် ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီခန့်က ဘာတ်စီလန်ကျွန်းကမ်းလွန်တွင် သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ရန်ဒေါ့ဖ်ကေဘာန်ဘာန်က ပြောကြားခဲ့သည်။ အဆိုပါသေဆုံးသူများအား ပန်ဂါဒီယန်မြို့ရှိ ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အာဖဂန်ရွာသားတစ်ဦးနေအိမ် ကနေဒါတပ်ဖွဲ့ဝင်များဖောက်ခွဲ

အာဖဂန်နစ္စတန်နိုင်ငံ၌ ကနေဒါတပ်ဖွဲ့ဝင်များက အာဖဂန်ရွာသားတစ်ဦး၏ နေအိမ်ကို ၎င်းတို့အပျင်းပြေရုံသက်သက်အတွက် ဖောက်ခွဲဖျက်ဆီးလိုက်သည့်အဖြစ်ဆိုးကို ရိုက်ကူးထားသည့် ဗီဒီယိုရိုက်ချက်ကို ဇန်နဝါရီ ၂၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ သို့သော် အဖြစ်ဆိုးမှာ မည်သည့်နေရာ မည်သည့်အချိန်က ဖြစ်ပွားသည်ကိုမူ ချက်ချင်းမသိရသေးဟုဆိုသည်။ ယခုလဆန်းက တွေ့ရသည့် ဗီဒီယိုရိုက်ချက်တွင် သေဆုံးနေသည့် အာဖဂန်နစ္စတန်သုံးဦး၏ရုပ်အလောင်းပေါ်သို့ အမေရိကန်တပ်ဖွဲ့ဝင်အချို့က ညစ်ညမ်းစွာပြုလုပ်သည့် ဟာသလုပ်ဆောင်မှုပါဝင်သဖြင့် ကမ္ဘာတစ်ဝန်း၌ ပြစ်တင်ရှုတ်ချမှုများ ပေါ်ပေါက်စေခဲ့သည်ဟု ဆို၏။ (အင်တာနက်)

ဗမာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပမည့်ရက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၂ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲအချိန်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် (တနင်္လာနေ့)မှ တန်ခူးလပြည့်ကျော် ၄ ရက် (အင်္ဂါနေ့)အထိ ၂-၄-၂၀၁၂ ရက်မှ ၁၀ -၄-၂၀၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပထမပြန်စာမေးပွဲများကို စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၄ ရက် (တနင်္လာနေ့) မှ တန်ခူးလဆန်း ၁၁ ရက် (တနင်္လာနေ့)အထိ ၂၆-၃-၂၀၁၂ ရက်မှ ၂-၄-၂၀၁၂ ရက်အထိ ၂၇-၃-၂၀၁၂ရက် (တပ်မတော်နေ့)မှအပ ကျင်းပမည်ဖြစ်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၁၁ ရက် (တနင်္လာနေ့)မှ တန်ခူးလပြည့်ကျော် ၂ ရက် (တနင်္ဂနွေနေ့)အထိ ၂-၄-၂၀၁၂ ရက်မှ ၈-၄-၂၀၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၄ ရက်က သာကေတမြို့နယ် အမက(၁၇)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းညွန့်ရွှေက စတုတ္ထတန်း ပထမဆုရရှိသူ မမေသဇင်ဖူးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၅

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သွားရောက်

ထို့နောက် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ဗိုလ်ကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြသည်။

ယင်းနောက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H. E. Mr. Qazi M. Khalilullah နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Asif Ali Zardari နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မိုးကောင်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား အဘွားအိုတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့သေဆုံး

မိုးကောင်း ဇန်နဝါရီ ၂၅

ကချင်ပြည်နယ် မိုးကောင်းမြို့ ကျွန်းတောရပ်ကွက် ဖိုးချစ်ကုန်းအုပ်စုရှိ နေအိမ်တစ်အိမ်၌ ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်သို့ အကူး ည ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မီသားစုဆောင်းတွင်းမီးလှုံရာမှ မီးစတင်လောင်ကျွမ်းရာ မိုးကောင်းမြို့ မီးသတ်စခန်းမှ မီးသတ်မော်တော်ယာဉ်နှစ်စီးဖြင့် သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် အခြားနေအိမ်များသို့ ကူးစက်မှုမရှိဘဲ နံနက် ၁ နာရီ ၁၀ မိနစ်တွင်လုံးဝမီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် သုံးခန်းပတ်လည်ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်းခြေတံရှည်နေအိမ်တစ်လုံးပြာကျဆုံးရှုံးသည့်အပြင် ဒေါ်လှမြိုင် (၇၈)နှစ်နှင့် မောင်ဖုန်းမြတ်နိုင်(၄)နှစ်တို့သေဆုံးခဲ့ရကြောင်း၊ ၎င်းမီးလောင်မှုနှင့်စပ်လျဉ်း၍ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (ဝ၆၂)

မောင်မောင်မြင့်ဆွေ ➤ ရေးသားသည်

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာ အကြိုဗိုလ်လုပွဲတက်ရောက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၅

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၂၅ ရက်က ယှဉ်ပြိုင်ကစားရာ ရှာရာပိုဗာ (ဝဲပုံ)နှင့် ဗစ်တိုဗာတို့ နိုင်ပွဲများရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။ မာရီယာ ရှာရာပိုဗာသည် တစ်နိုင်ငံတည်းသား ပြိုင်ဘက် မာကာရိုဗာအား ၆-၂၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မာကာရိုဗာသည် စတုတ္ထအဆင့် အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်တွင် ဆီရီနာဝီလျံအား အနိုင်ရအောင်ကစားပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ရှာရာပိုဗာအား ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အခြားကွာတားဖိုင်နယ်ပွဲစဉ်၌ အသက် ၂၁နှစ်အရွယ် ချက်တင်းနစ်မယ် ဗီတိုဗာက အီတလီ တင်းနစ်မယ် ဆာရာအီရာနီအား ၆-၄၊ ၆-၄ ဖြင့် အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ မာရီယာရှာရာပိုဗာသည် အကြိုဗိုလ်လုပွဲ၌ ချက်တင်းနစ်မယ် ဗီတိုဗာနှင့်ယှဉ်ပြိုင်ရဖွယ်ရှိသည်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပွဲစဉ်၌ ရော်ဂျာဖက်ဒဲရားက အာဂျင်တီးနားတင်းနစ်သမား မာတင်ဒယ်ပိုထရိုအား ၆-၄၊ ၆-၃၊ ၆-၂ ဖြင့်နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သည်။ ဖက်ဒဲရားအတွက် ယခုအနိုင်ရရှိခဲ့သည့်ပွဲစဉ်မှာ ဆုကြေးစားတင်းနစ်ပြိုင်ပွဲ ပွဲစဉ်များ၌ ၁၀၀၀မြောက် နိုင်ပွဲလည်းဖြစ်သည်။

(အင်တာနက်)

အီတလီကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ် ဂျူဗင်းတပ်စ်တို့နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲတက်ရောက်

ရောမ ဇန်နဝါရီ ၂၅

အီတလီကိုပါ အီတာလီယာဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၂၅ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်စ်နှင့်ရိုးမားတို့ပွဲတွင် ဂျူဗင်းတပ်စ်က သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ **(အောက်ပုံ)**

ဂျူဗင်းတပ်စ်အသင်းသည် ပွဲစတင်သည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၆မိနစ်၌ပင် ဂိုင်ရာချီရီနီက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ဆက်တိုက်ထိုးဖောက်ကစားရာ ပွဲချိန်မိနစ် ၃၀၌ ပီအီရိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အပြီး ဂျူဗင်းတပ်စ်တို့ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

နိုင်ပွဲရရှိ

ဒုတိယပိုင်းပွဲချိန်အတွင်း ရိုးမားတို့က ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ပွဲချိန် ၆၉ မိနစ်၌ ရိုးမားအသင်းမှ လာမီရာ ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြအထုတ်ခံရသဖြင့် ရိုးမားတို့ ၁၀ဦးတည်းနှင့်ကစားခဲ့ရသည်။ သို့သော်ပွဲချိန်ပြည့်ခါနီး မိနစ် ၉၀၌ ရိုးမားမှ ဂျာအီရာ ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဂျူဗင်းတပ်စ်တို့လက်ဆောင်ဂိုးရရှိပြီး သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်းတပ်စ်တို့ ယခုပွဲအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ အကြိုဗိုလ်လုပွဲ၌ လာဇီယို သို့မဟုတ် အေစီမီလန်အသင်းနှင့် ဖေဖော်ဝါရီ ၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လာဇီယိုနှင့်အေစီမီလန်တို့၏ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၆ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး ➤ စုစည်းသည်

ကိုရီးယားအဆိုတော် ကင်ရီရင် ရုပ်ရှင်စရိုက်တော့မည်

ဆိုးလ် ဇန်နဝါရီ ၂၅

တောင်ကိုရီးယားနိုင်ငံက အဆိုကျော်မလေး ကင်ရီရင်ဟာ အဆိုတော်လောကမှာ တစ်ရှိန်ထိုး အောင်မြင်ကျော်ကြားလာတဲ့သူ ဖြစ်ပါတယ်။ သူမဟာ Two Months လို့ အမည်ပေးထားတဲ့ တီးဝိုင်းရဲ့ ပင်တိုင်အဆိုတော်လည်းဖြစ်ပါတယ်။ ကင်ရီရင်ဟာ Super Star K3 လို့ အမည်ရတဲ့ ဂီတသီချင်းဆိုပြိုင်ပွဲမှာ ဝင်ရောက်သီဆိုယှဉ်ပြိုင်ဖို့တော့ အစီအစဉ်မရှိဘူးလို့ ဆိုပါတယ်။

ပါဝင်သရုပ်ဆောင်

ဒါပေမယ့်လည်း သူမဟာ ဒရာမာကားတစ်ကားမှာ ပါဝင် သရုပ်ဆောင်တော့မယ်လို့ သိရပါတယ်။ လာမယ့် tvN ဒရာမာ ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ စီစဉ်နေပါတယ်။ ဒီဇာတ်ကားရဲ့အမည်ကတော့ Shut up: Flower Boy Band! လို့ အမည်ပေးထားပါတယ်။ ကင်ရီရင်ဟာ ဒီဇာတ်ကားမှာ သာမန်အဆိုတော်လေးဘဝမှ နာမည်ကြီးလူငယ်အဆိုတော်တစ်ယောက်အဖြစ် အောင်မြင်ကျော်ကြားလာပုံကို ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်။

အသက် ၁၉ နှစ်သာရှိသေးတဲ့ အဆိုတော် ကင်ရီရင်ဟာ ရုပ်ရှင်လောကမှာ အတွေ့အကြုံမရှိပေမယ့် ဒါရိုက်တာတွေကတော့ အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက် ဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်။ **(အင်တာနက်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘုတ်ပြင်းမြို့ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းရှိ ဆီအုန်းလုပ်သားများ၏ သားသမီးများ ပညာသင်ကြားရေးအတွက် ဆောင်ရွက်ပေးသည့် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်ချက်များတင်ပြ

ယင်းနောက် ရပ်မိရပ်ဖများဖြစ်ကြသည့် ဦးသန်းကြွယ်၊ ဦးအောင်ဝင်းနှင့် ဦးလှိုင်ကြည်တို့က ဒေသအတွင်းကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တင်ပြချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ မဏ္ဍိုင်သုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေဆောင်ရွက်နေမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လက်နက်ကိုင်ဆန့်ကျင်မှုချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းမှု တည်ဆောက်ရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ အဆင့်တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ဒေသအခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာမောင်မောင်ထွေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြို့နယ်ဆေးရုံ တိုးချဲ့နိုင်ရေးအတွက် မြေနေရာကို ကြည့်ရှုပြီး မြို့နယ်ဆေးရုံ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆေးပဒေသာပင်

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မြို့နယ်ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွယ်၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုနှင့် စာသင်ခန်းများ၏ အခြေအနေကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ် သိန်း ၂၀ ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့မှ ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မြိတ်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မြိတ်တက္ကသိုလ် Conference Room ၌ မြိတ်နည်းပညာတက္ကသိုလ်၊ မြိတ်ကွန်ပျူတာတက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ကျောင်းသား ကျောင်းသူများ၏ တီထွင်ကြံဆမှု၊ လေ့လာစူးစမ်းမှုအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာစေရန် လေ့ကျင့်သင်ကြားပေးရေး၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်ရေး၊ လုပ်ငန်းခွင်နှင့်အံဝင်ခွင်ကျဖြစ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် မြိတ်တောင်နယ်မြေ မြို့သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်တိုးချဲ့ရန် မြေနေရာစီစဉ်ထားမှုကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြိတ်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြပြီး မွန်းလွဲ ၂ နာရီခွဲတွင် ဘုတ်ပြင်းမြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ဘုတ်ပြင်းလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘုတ်ပြင်းမြို့ သပြေခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

ဦးစွာ ဘုတ်ပြင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်တင်က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရပ်မိရပ်ဖများဖြစ်ကြသည့် ဦးလှကြိုင်နှင့်ဦးလှကျော်စိန်တို့က ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ဘုတ်ပြင်းမြို့နယ်မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက တင်ပြသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်နေမှုအခြေ[...] ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်မျာ[...] အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး [...] အတွက် လှည့်လည်ကြည့်ရှု၍ ဆောင်ရွက်ရန်မျာ[...] ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယ[...] ငွေကျပ် သိန်း ၂၀ ကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်[...]

ရေပေးဝေမှုစနစ်ကြည့်[...]

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့[...] ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်း တောင်ပေါ်[...] သွယ်ယူ၍ ဆီအုန်းစိုက်ခင်းအတွင်း ရေပေးဝေ[...]

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် [...] စီမံကိန်းရှိ ဆီအုန်းလုပ်သားများ၏ သားသမီးများ[...] ဆောင်ရွက်ပေးသည့် အခြေခံပညာမူလတန်း[...] ဒေသခံ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် [...] ၏ သားသမီး ကျောင်းသား ကျောင်းသူ စုစုပေါင်း[...] နေမှု၊ ကျောင်းသား ကျောင်းသူများ၏ ထမင်းစား[...] ၍ ကျောင်းသားများ စဉ်ဆက်မပြတ် ပညာသင်[...] အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအ[...] ဆောင်ရွက်သွားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် [...]

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် [...] စီမံကိန်းမှ လုပ်သားများနှင့် မိသားစုများအတွက်[...] (၂၀)ဆံ့ လုပ်သားဆေးရုံကို ကြည့်ရှုစစ်ဆေးသ[...]

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် [...] စီမံကိန်းရှိ တောင်ဒဂုံဆီကြိတ်စက်ရုံသို့ရောက်ရှိ[...] ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကြရာ မန်နေဂျ[...] က လိုက်လံရှင်းလင်းပြသသည်။

တောင်ဒဂုံဆီအုန်းစိုက်ပျို[...]

အဆိုပါ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံ[...]

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းရှိ ဆီအုန်းပင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တာဝန်ထမ်းဆောင်မည့် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိများ လူတွေ့စစ်ဆေးမည်

နေပြည်တော် ဇန်နဝါရီ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲ၌ ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်လွှာ တင်သွင်းထားသူများ (တက္ကသိုလ်/ကောလိပ် နေ့စဉ်တက်ရောက် နေသူများမပါ)ကို ခေါ်ယူစစ်ဆေးသွားမည်ဖြစ်သည်။

နေပြည်တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး (တောင်ငူခရိုင်) ဒေသများမှ လျှောက်ထားသူများသည် (၃-၂-၂၀၁၂)ရက် (သောကြာနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း နေပြည်တော် အားကစားဝန်ကြီးဌာနရုံးအမှတ်(၃၁) မြေညီထပ်ရုံးသို့ ကြိုတင် သတင်းပို့ရမည်။ လူတွေ့စစ်ဆေးခြင်းကို(၄-၂-၂၀၁၂)ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ စတင်၍ စစ်ဆေးမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (တောင်ငူခရိုင်မပါ)၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်ဒေသများမှ လျှောက်ထားသူများသည်(၉-၂-၂၀၁၂)ရက် (ကြာသပတေးနေ့)နှင့် (၁၀-၂-၂၀၁၂)ရက် (သောကြာနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းသင်တန်းခန်းမ ကျိုက္ကဆံကွင်း တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် ကြိုတင်သတင်းပို့ရမည်။ လူတွေ့စစ်ဆေးခြင်းကို (၁၁-၂-၂၀၁၂)ရက် (စနေနေ့)၊ (၁၂-၂-၂၀၁၂)ရက် (တနင်္ဂနွေနေ့)၊ (၁၃-၂-၂၀၁၂)ရက် (တနင်္လာနေ့)နှင့် (၁၄-၂-၂၀၁၂)ရက် (အင်္ဂါနေ့) များတွင် နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများမှ လျှောက်ထားသူများသည် (၁၆-၂-၂၀၁၂)ရက် (ကြာသပတေးနေ့)နှင့် (၁၇-၂-၂၀၁၂)ရက် (သောကြာနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) သင်တန်းရုံး (၆၈)လမ်းနှင့် (၇၃)လမ်းကြား သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီး မန္တလေးသို့ လူကိုယ်တိုင် ကြိုတင်သတင်းပို့ရမည်။ လူတွေ့စစ်ဆေးခြင်းကို (၁၈-၂-၂၀၁၂)ရက် (စနေနေ့)၊ (၁၉-၂-၂၀၁၂)ရက် (တနင်္ဂနွေနေ့)နှင့် (၂၀-၂-၂၀၁၂)ရက် (တနင်္လာနေ့) များတွင် နေ့စဉ် နံနက် ၉ နာရီမှစတင်၍ သတင်းပို့ထားရှိသည့် ဌာနနေရာ၌ စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

တက္ကသိုလ်/ကောလိပ် နေ့စဉ်တက်ရောက်ပညာသင်ကြားနေသော လျှောက်လွှာရှင်များအတွက် ကျောင်းပိတ်ချိန်ကာလဖြစ်သော ဧပြီလနှင့် မေလတို့တွင် လူတွေ့စစ်ဆေးခေါ်ယူခြင်းကို ဆောင်ရွက်သွားမည် ဖြစ်သည်။

အ[...] အတွင်း[...] အားကစ[...] ရုံးဖုန်း-[...] ၄၀၆၄၅[...] ကြောင်း[...]

ရော[...]

ပု[...]

အာ[...] ဝန်ကြီး[...] ၂၀၁၁

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျ[...]

နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်ပြုပြင်မွမ်းမံရေး အတွက် လှည့်လည်ကြည့်ရှု၍ ဆောင်ရွက်ရန်များကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက အလှူငွေကျပ် သိန်း ၂၀ ကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်ရွှေထံ ပေးအပ်လှူဒါန်းသည်။

ရေပေးဝေမှုစနစ်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်း တောင်ပေါ်ရေတံခွန်မှ တောင်ကျရေကို သွယ်ယူ၍ ဆီအုန်းစိုက်ခင်းအတွင်း ရေပေးဝေမှုစနစ်ကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှိ ဆီအုန်းလုပ်သားများ၏ သားသမီးများ ပညာသင်ကြားရေးအတွက် ဆောင်ရွက်ပေးသည့် အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ဒေသခံ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် အပါအဝင် အလုပ်သမားများ၏ သားသမီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၂၀ တို့၏ ပညာသင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ၏ ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသားများ စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအတွက် အဆိုပါ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းအဆင့်သို့ တိုးမြှင့် ဆောင်ရွက်သွားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းမှ လုပ်သားများနှင့် မိသားစုများအတွက် စီစဉ်ပေးထားသော ခုတင် (၂၀)ဆံ့ လုပ်သားဆေးရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရှိ တောင်ဒဂုံဆီကြိတ်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ဆီကြိတ် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက လိုက်လံရှင်းလင်းပြသသည်။

တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေး

အဆိုပါ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကို ၁၉၉၉ ခုနှစ် မေလ ၁၅ ရက်တွင် စီမံကိန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဧရိယာ ၁၃၂၄၅ ဧကအနက် ၈၆၄၆ ဧက စိုက်ပျိုးပြီးကြောင်းနှင့် လက်ရှိ ဆီသီးခူးဧက ၆၀၉၇ ဧကရှိပြီး တစ်ဧကအထွက်နှုန်းမှာ ၆ ဒသမ ၇ တန်နှင့် ဆီသီးအခိုင်တစ်ခိုင်၏ ပျမ်းမျှအလေးချိန်မှာ ၆ ဒသမ ၆၅ ပိဿာခန့်ရှိကြောင်း သိရသည်။

အလားတူ တစ်နာရီ ၇ ဒသမ ၅ တန်ကျ ဆီကြိတ်စက်ရုံကို ၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ယခုအခါ တစ်နာရီတန် ၃၀ ကျ စက်ရုံကို ၂၀၀၆ ခုနှစ်တွင် တိုးမြှင့်တည်ဆောက်ခဲ့သည်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှစ၍ ဆီသီးခိုင် ထွက်ရှိပြီး ၂၀၁၁ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်းဆီသီးခိုင် တန် ၁၈၆၀၆၆ ဒသမ ၇၃ တန်ထွက်ရှိကာ ဆီကြမ်းတန် ၃၈၈၉၆ တန်ရရှိကြောင်း သိရသည်။

တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် အလုပ်သမားအင်အား စုစုပေါင်း ၁၀၀၈ ဦးနှင့် မှီခိုသူအပါအဝင် စုစုပေါင်း ၂၀၂၃ ဦးရှိပြီး ယင်းတို့အတွက် အလုပ်သမားတန်းလျားများ စနစ်တကျဆောက်လုပ်ပေးထားကာ ရေမီး အပြည့်အစုံ ဖြည့်ဆည်းပေးထားကြောင်းသိရသည်။

ထို့ပြင် အလုပ်သမားမိသားစုများအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ ဆေးဝါးကုသမှုခံယူနိုင်ရေး အတွက် ဆေးရုံနှင့်ကလေးများ စာသင်ကြားနိုင်ရန် စာသင်ကျောင်း၊ သက်သာဆိုင်နှင့် ကလေးကစားကွင်းများ တည်ဆောက်ပေးထားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများကိုပါ တည်ဆောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် စီမံကိန်းနှင့် ဒေသခံများပါ အသုံးပြုနိုင်သည့် ဆိပ်ခံတံတားတစ်ခုကိုလည်း တည်ဆောက်ထားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘုတ်ပြင်းမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ ညနေပိုင်းတွင် မြိတ်မြို့သို့ရောက်ရှိပြီး အခြေပြုရပ်နားကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘုတ်ပြင်းမြို့ သပြေခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချေးငွေရယူမှု၊ ချေးငွေအပေါ် အတိုးများပြန်ဆပ်မှုလုပ်ငန်းစဉ်များ အစီအစဉ်တကျဆောင်ရွက် ချေးငွေရယူသူ လက်လုပ်လက်စားများနှင့် လုပ်ငန်းများအဆင်ပြေရေး စနစ်တကျစီမံ

နေပြည်တော် ဇန်နဝါရီ ၂၅

သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၂ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မြင့်မိုရ်ခန်းမ၌လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၃)ရပ်ကွက်ရှိ အရိယာဝံသ ဓမ္မာရုံ၌လည်းကောင်း၊ သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် ဇိနမာန်အောင် စေတီတော်ဝင်းအတွင်းရှိ ဝိမုတ္တိရသဓမ္မဗိမာန်တော်ကြီး၌လည်းကောင်း မတည်ရင်းနှီးငွေရယူပြီး လုပ်ငန်းများ ဆောင်ရွက်နေသည့် လက်လုပ်လက်စား ၅၂၄ ဦးနှင့် တွေ့ဆုံ၍ ယခုအခါ အသေးစားငွေစုငွေချေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စုငွေများထည့်ဝင်၍ ချေးငွေရယူမှု၊ ချေးငွေအပေါ် အတိုးများပြန်ဆပ်မှုလုပ်ငန်းစဉ်များ အစီအစဉ်တကျ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ချေးငွေရယူသူ လက်လုပ်လက်စားများနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့အောင်စေတနာဖြင့် စနစ်တကျ စီမံဆောင်ရွက်ပေးသူများ အားလုံးတို့သည် ပေးထားသည့် ကတိကဝတ်များနှင့်အညီ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ထားသည့် အသေးစားငွေစုငွေချေးလုပ်ငန်းဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ၏ မူဝါဒအတိုင်း ဆင်းရဲနွမ်းပါးမှုများ လျော့ကျပြီး အမှန်တကယ် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မတည်ရင်းနှီးငွေ ထပ်မံလိုအပ်သူများကိုလည်း ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများ တိုးမြှင့်ချေးပေးရေးလုပ်ငန်းများကို စေတနာထား၍ စနစ်တကျ ဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(အောက်ပုံ)**

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများမှ ကိုယ်တိုင်စုငွေများထည့်ဝင်ပြီး ချေးငွေရယူနေသူများမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ လက်လုပ်လက်စား ၁၂၂၆၅ ဦးက ချေးငွေကျပ် ၃၄၆၅၈၇၅၀၀၊ သာကေတမြို့နယ်၌ လက်လုပ်လက်စား ၈၈၀၈ ဦးက ချေးငွေကျပ် ၄၇၁၅၈၂၀၀၀ တို့ကို အသီးသီး ချေးယူခဲ့ကြကြောင်း၊ လက်လုပ်လက်စားများသည် ၎င်းချေးငွေများဖြင့် လုပ်ငန်းမျိုးစုံဆောင်ရွက်လျက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒေသရပ်ကွက်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လက်တွေ့ကျကျဆောင်ရွက်နေကြပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂-၂၀၁၂)ရက် (စနေနေ့)၊ (၁၉-၂-၂၀၁၂)ရက် (တနင်္ဂနွေနေ့)နှင့် (၂၀-၂-၂၀၁၂)ရက် (တနင်္လာနေ့) များတွင် နေ့စဉ် နံနက် ၉ နာရီမှစတင်၍ သတင်းပို့ထားရှိသည့် ဌာနနေရာ၌ စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

တက္ကသိုလ်/ကောလိပ် နေ့စဉ် တက်ရောက်ပညာသင်ကြားနေသော လျှောက်လွှာရှင်များအတွက် ကျောင်းပိတ်ချိန်ကာလဖြစ်သော ဧပြီလနှင့် မေလတို့တွင် လူတွေ့စစ်ဆေးခေါ်ယူခြင်းကို ဆောင်ရွက်သွားမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက (ရုံးချိန်အတွင်း) အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးဖုန်း-၀၆၇-၄၀၆၁၈၂ နှင့် ၀၆၇-၄၀၆၄၅၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး အားကစားလုပ်ငန်းဆိုင်ရာ ထပ်ဆင့်ရှင်းလင်း

ပုသိမ် ဇန်နဝါရီ ၂၅

အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ အားကစားဝန်ကြီးဌာန ၂၀၁၁ ခုနှစ် တတိယ (၄)လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အားကစားဆိုင်ရာလုပ်ငန်းများအား ထပ်ဆင့်ရှင်းလင်းပွဲကို ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးညွှန့်**(ဝဲပုံ)**က အားကစားပြိုင်ပွဲများ ကျင်းပမည့် အစီအမံများ၊ နေပြည်တော်တွင် ကျင်းပမည့် (Champion Challenge Cup Tournament) ပြိုင်ပွဲဝင်မည့် ပုသိမ်ကလပ်အသင်း ဖွဲ့စည်းရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ခံများက သက်ဆိုင်ရာခရိုင်၊ မြို့နယ်၏အားကစားလုပ်ငန်းများအား ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇန်နဝါရီ ၁၆ ရက်က ဧရာရွှေဝါခန်းမ၌ ကျင်းပခဲ့သော မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

(တိုင်းဒေသကြီး အား/ကာ)

...ိုင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

၂၀၁၂ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာအိုးပင်း

စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်စစ်တုရင်အားကစားသမားများ သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၁၂ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ၏ ပထမဦးဆုံး ကစားကွက်ကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ **(ဝဲပုံ)**ကရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပါဝင်ယှဉ်ပြိုင်

ထို့နောက် ပထမနေ့ပြိုင်ပွဲကို စတင်ကျင်းပသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ဦးရေ ၁၄၆ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲ၌ အစွမ်းပြပြီး လက်ရည်စစ်အောင်မြင်ကြသော စစ်တုရင်အားကစားသမားများသည် ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၊ ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့ (မိသားစု) စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးမှူးကျင်းပသော ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စိုးမိုးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိမိခိုင်က မိခင်နှင့်ကလေးကျန်းမာရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး ခေါင်းစဉ်ဖြင့် သိကောင်းစရာဗဟုသုတများကို ဟောပြောပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်လှနုသာက ကျေးဇူးတင်စကား ပြောကြားသည်။ **(အပေါ်ပုံ)**အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မိသားစုဝင် ၁၅၀ တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၆)**

ပညာရည်ချွန်ဆုပေးပွဲ ရွှေကူမြို့နယ်၌ ကျင်းပ

ရွှေကူ ဇန်နဝါရီ ၂၅

ရွှေကူမြို့နယ် ငါးဘတ်ကြီးရွာ အမကမူလွန်ကျောင်း၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အတန်းလိုက်ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသားကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကျင်းပသည်။ ဆုပေးပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်မော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းသက်လင်း၊ အထက(၂) ကျောင်းအုပ်ဆရာမကြီးနှင့် ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်နှင့် ဆုရကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၇၃)**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၄ လမ်းနေ ခင်ပွန်း ဦးသောင်း(၁၄)နှစ်ပြည့်အား ရည်စူး၍ ထာဝရဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

နွေစပါး မျိုးစေ့ချပျိုးထောင်ခြင်း သရုပ်ပြ

ကျောက်မဲ ဇန်နဝါရီ ၂၅

၂၀၁၁-၂၀၁၂ ခုနှစ် နွေစပါး မျိုးစေ့ချပျိုးထောင်ခြင်း သရုပ်ပြအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာအုပ်စု ဝေဘူကျေးရွာရှိ တောင်သူ ဦးဆန်ကောကျော်ဇံ၏ လယ်မြေ၌ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွဲဖက်ပြည်နယ်မန်နေဂျာ ဦးမြင့်သိန်းက သိပ္ပံနည်းကျ စိုက်ပျိုးနည်းပညာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်က ပုလဲသွယ် စပ်မျိုးစပါး ပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တောင်သူများတက်ရောက်ကြပြီး ယခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် ကျောက်မဲမြို့နယ်အနေဖြင့် စုစုပေါင်း ၈၉၂ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရုပ်ရှင်အမြည်း — အချစ်ကွိုင်မြန်မာဇာတ်ကားသစ်ရန်ကုန်မြို့လယ်ရုံဝင်

ရန်ကုန် ဇန်နဝါရီ ၂၅

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုတစ်ပတ် ရန်ကုန်မြို့လယ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများတွင် မြန်မာဇာတ်ကားသစ် **အချစ်ကွိုင်** ဇာတ်ကား ရုံဝင်လာသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဒေါနက ရိုက်ကူးထားပြီး ဇာတ်လမ်းကို ပုဏ္ဏမီကလည်းကောင်း၊ ဇာတ်ညွှန်းကို မြမြင့်မိုရ်ကလည်းကောင်း ရေးသားထားသည်။ ဇာတ်ကားမှာ အချစ်၊ အိမ်ထောင်ရေး၊ ဟာသဇာတ်ကားဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

ရန်ကုန်မြို့ ရွှေဆောင်ရုံတွင် Mission: Impossible-4 ဇာတ်ကားနှင့် နေပြည်တော်ရုပ်ရှင်ရုံတွင် In Time နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ ဆက်လက် အောင်ပွဲခံပြသလျက်ရှိပါကြောင်း သတင်းအမြည်းအဖြစ် ဖော်ပြလိုက်ရပါသည်။

အချစ်ကွိုင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ကျိုက်ထိုမြို့နယ်၌ ပညာရည်ချွန်ဆုချီးမြှင့်

ကျိုက်ထို ဇန်နဝါရီ ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာအုပ်စု ခမိတ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်း၊ မြို့နယ် လက်ထောက်ပညာရေးမှူး ကော့ဘိန်းကျေးရွာ အလကကျောင်းအုပ်ဆရာမကြီး၊ ကော့ဘိန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဝေးလံမြို့နယ်စီမံကိန်း မြို့နယ်တာဝန်ခံတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်းသိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ပုလဲသွယ်စပ်မျိုးစပါး တောင်သူများထံ ဖြန့်ဝေပေးမည်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၅

မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ တောင်သူ ဦးအေးနိုင် ပျိုးထောင်ထားသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ခင်း နှစ်ဧကကို လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်နှင့် ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစိုးမြင့်၊ မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်ဌေးတို့သည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးမှာ တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိသောမျိုးဖြစ်ပြီး ယခုနှစ်မှ စတင်စမ်းသပ်စိုက်ပျိုးထားရာ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများထံ မျိုးဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၆၅)**

ရန်ကုန်-ပုသိမ် ခရီးစဉ်တစ်လျှောက် ဂျီအက်စ်အမ်တာဝါတိုင်များ တပ်ဆင်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်-ပုသိမ်သွား ကားလမ်းမပေါ်ရှိ ဒေသများအားလုံး မကြာမီအချိန် အတွင်း၌ ဂျီအက်စ်အမ်ဖုန်းများ အသုံးပြုနိုင်ကြတော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သိရှိရသည်။

"အခုဆိုရင် ရန်ကုန်ဟိုဘက်အထွက် ဆားမလောက်ဘက်တွေဆိုရင် တာဝါတိုင်တွေစိုက်ဖို့ ပြုပြင်လဲလှယ်ဖို့အားလုံးလုပ်နေပါပြီ။ ပန်းတနော်မြို့ ဝန်းကျင်မှာလည်း ဂျီအက်စ်အမ်သုံးနိုင်အောင် တာဝါတိုင်တွေ စိုက်ထူရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီး ပုသိမ်အထိ ကြားဒေသခံတွေ ဂျီအက်စ်အမ်ဖုန်းကို သုံးစွဲနိုင်ဖို့အတွက် စတင်လုပ်ဆောင်နေပါပြီ။ မကြာခင်မှာ အသုံးပြုနိုင်တော့မယ်။ အဓိကကတော့ မြို့တိုင်းမြို့တိုင်း ဂျီအက်စ်အမ်စနစ်ကိုအသုံးပြုနိုင်ဖို့အတွက် အရင်ဆုံးလုပ်ဆောင်ပေးနေပါတယ်။ ဆက်လက်ပြီးတော့လည်း မြို့နဲ့အလှမ်းဝေးပြီး လူနေထူထပ်တဲ့ ကျေးရွာတွေနဲ့ နယ်စွန်နယ်ဖျားတွေမကျန် တာဝါတိုင်တွေကို အလုံအလောက် စိုက်ထူပေးသွားမှာပါ" ဟု မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူကပြောကြားသည်။

မကြာမီချထားပေးမည့် ဂျီအက်စ်အမ်ဖုန်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးရှိ ဝန်ထမ်းများအနေနှင့် တာဝါတိုင်တပ်ဆင်စိုက်ထူခြင်းလုပ်ငန်းများကို အဆောတလျင်ဆောင်ရွက်နေကြောင်း ဆက်သွယ်ရေးဝန်ထမ်းတစ်ဦးက မြန်မာ့အလင်းကို ဆက်လက်ပြောကြားသည်။

ယခုနှစ်အလယ်ပိုင်းခန့်တွင် ရန်ကုန်-ပုသိမ်ခရီးသွားကြရင်း ဖုန်းပြောနိုင်ကြတော့မည်ဟု ခန့်မှန်းကြောင်း ပုသိမ်မြို့မှ ကုန်သည်တစ်ဦးက လမ်းတွင်တပ်ဆင်နေကြသည့် တာဝါတိုင်များ စိုက်ထူမှုကိုလေ့လာရင်း ခန့်မှန်းပြောကြားခဲ့သည်။ **(သွန်းဝဿန်)**

မြန်မာ့အလင်း မှုခင်းသတင်း ၂၅-၁-၂၀၁၂

လူသတ်ပြီးလုယူမှု မူဆယ်မြို့၌ဖြစ်ပွား

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဈေးရပ်ကွက်တွင် လူသတ်ပြီးလုယက်မှု တစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီ ၅ မိနစ်တွင် မူဆယ်မြို့ အမှတ်(၁) ဈေးအပေါ်ထပ် ဆိုင်ခန်းအမှတ်(ကက-၂၀/၂၁) စံပယ်ရွှေဆိုင်ပိုင်ရှင် အိမ်အမှတ် (၈၂/၃၈) ဈေးရပ်ကွက်တွင် နေထိုင်သူ ဒေါ်အေးကွယ် အသက်(၅၄)နှစ် (ဘ)ဦးလှူစင်ကျင်နှင့် ၎င်း၏သမက်ဖြစ်သူ မောင်စိုင်းယီထွန်း အသက်(၂၆)နှစ် (ဘ) ဦးအောင်ဆာတို့နှစ်ဦးသည် မူဆယ်မြို့ ညဈေးတန်းရွှေဆိုင်မှ ဈေးသိမ်းပြီး အိမ်သို့ကားဖြင့် ပြန်လာစဉ် အမှတ်(၂)ဈေးနောက်ကျောရှိ ၎င်း၏အိမ်ရှေ့ အရောက်တွင် အမည်မသိသူနှစ်ဦးမှ မောင်စိုင်းယီထွန်းအား သေနတ်ဖြင့်ပစ်ခတ်ကာ ၎င်းတို့ကားပေါ်တွင်ပါသော လက်ဆွဲအိတ်နီတစ်လုံးနှင့် ကျောပိုးအိတ်အနက် တစ်လုံးကို လုယူသွားခဲ့သည်။

၎င်းဖြစ်စဉ်တွင် မောင်စိုင်းယီထွန်း၏ ဝဲဘက်ချိုစောင်းနှင့် ယာဘက်ချိုစောင်းတို့၌ ပြင်းထန်စွာဒဏ်ရာရရှိပြီး ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ၎င်းဒဏ်ရာနှင့်သေဆုံးခဲ့ကာ ဒေါ်အေးကွယ်မှာလည်း ဝဲဘက်ချိုစောင်းတွင် ဒဏ်ရာတစ်ချက်ရရှိကာ မူဆယ်ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူလျက်ရှိကြောင်းနှင့် မြန်မာငွေကျပ် သိန်း ၇၀ ခန့်နှင့် ရွှေ ၁၅ ကျပ်သား၊ လက်စွပ်မျိုးစုံ ၁၀၀ ခန့်ပါသော အိတ်နှစ်လုံး လုယူခံခဲ့ရကြောင်း သိရှိရသည်။ **(၁၄၃)**

ကလေးဝမြို့နယ် ဝေပုံကျေးရွာ၌ ဘိန်းစိမ်း ၅၈၉ ဂရမ်၊ ဘိန်းဖြူ ၉ ဒသမ ၅ ဂရမ် ဖမ်းဆီးရမိ

ဇန်နဝါရီ ၂၂ ရက်က ကလေးဝရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်တင်လှိုင် ဦးစီးသော တပ်ဖွဲ့ဝင် ၁၂ ဦးသည် သတင်းပေးချက်အရ ကလေးဝမြို့နှင့် ၂၅ မိုင်ခန့် ဝေးကွာသော ဝေပုံကျေးရွာရှိ သန်းဇော်ဦး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ရှိ တောင်းအတွင်းမှ ဘိန်းစိမ်း ၅၈၉ ဂရမ်နှင့် ပင်နယ်ဆလင်ပုလင်း ၁၉ လုံး (၉ ဒသမ ၅ ဂရမ်)တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ကလေးဝရဲစခန်းမှ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၆၅)**

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်တဲများ ဖယ်ရှားပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ဗဟိုလမ်းမကြီးပေါ်တွင် ကျူးကျော်တဲများရှိနေသောကြောင့် မီးဘေးကြုံလျှင် အရေးပေါ်ကားများ ဝင်ထွက်သွားလာမှု ခက်ခဲနေပါသဖြင့် ဖယ်ရှားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဗဟိုလမ်းသူ

မီးဘေးအန္တရာယ်စိုးရိမ်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သစ္စာလမ်းမကြီးသို့အထွက် သီရိဇေယျာလမ်းထိပ် စည်ပင်ပိုင်မြေလမ်းဘေး မြေကွက်လပ်ပေါ်တွင် ကျူးကျော်တဲဆောက်လုပ်နေထိုင်လျက်ရှိသော မိသားစုတစ်စုသည် ညအချိန်မတော် ထင်းမီးကို မဆင်မခြင်အသုံးပြုပြီး ချက်ပြုတ်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ကျိုက်ဖနဲနယ်မြေ ဝတ်သစ်ရပ် မြန်မာလမ်း၌ တည်ရှိသော လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု (စေတနာနေ့ကလေးထိန်းကျောင်း) ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းကို အလှူရှင်မိသားစုက ကျောင်းနှင့် မြေလှူဒါန်းထားရာ ၂၀၀၈ခုနှစ်တွင် ကျောင်းအဆောက်အအုံအချို့ အစိတ်အပိုင်းများ ပျက်စီးယိုယွင်းလာသည့်အတွက် ခေတ္တပိတ်ထားခဲ့သည်။ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း မူလနေရာတွင် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာက ကူညီဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

လေးရပ်ကွက်ပြည်သူများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ သင်္ချာ

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအနေနဲ့ စာမေးပွဲဖြေဆိုရာမှာ မှန်ကန်တိကျတဲ့၊ အမှတ်ပြည့်ရစေတဲ့ စနစ်တကျတွက်ချက်ရေးသား ဖြေဆိုနည်းတွေကို သိရှိစေဖို့ စာမေးပွဲမှာ ရသင့်ရထိုက်တဲ့အမှတ်များကို ဆုံးရှုံးနစ်နာစေတဲ့၊ မှားတတ်တဲ့အမှားတွေကို သိရှိသတိမူမိကြပြီး ရှောင်ကြဉ်နိုင်ကြစေဖို့ စာမေးပွဲဖြေဆိုတဲ့အခါ သတိထားသင့်တဲ့ အချက်အလက်များကို သိရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ဒီသင်ခန်းစာကို ရှင်းလင်းဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ သင်္ချာဘာသာရပ် ဖြေဆိုရာမှာ ရသင့်ရထိုက်တဲ့အမှတ်တွေကို ဆုံးရှုံးနစ်နာစေတဲ့ မှားတတ်တဲ့ အမှားတွေကို ရှင်းလင်းပါမယ်။ ယေဘုယျအားဖြင့် စာဖြေသူတွေပြုလုပ်တတ်တဲ့ အမှားအမျိုးအစား (၄)မျိုး ရှိပါတယ်။

ပထမအမှားတစ်မျိုးက သင်္ကေတအသုံးအနှုန်းများ မှားယွင်းခြင်း၊ သို့မဟုတ် မပြည့်စုံခြင်းဖြစ်ပါတယ်။

ဒီလိုသင်္ကေတအသုံးအနှုန်း မှားယွင်းတတ်ပုံတွေကို သိရှိရှောင်ကြဉ်နိုင်ကြစေဖို့ ဥပမာအချို့နဲ့ ရှင်းလင်းတင်ပြပါမယ်။

Function နှစ်ခု f နှင့် g ပေါင်းစပ်တဲ့ပုံသေနည်းဖြစ်တဲ့ $(g.f)(x) = g(f(x))$ ကိုရေးတဲ့အခါ နှစ်ဖက်စလုံးမှာ ခတ်ထားတဲ့ကွင်းများ ပြည့်ပြည့်စုံစုံပါဖို့ အနေအထားမှန်ကန်ဖို့ လိုအပ်ပါတယ်။ ကွင်းတစ်ခုခု ကျန်ခဲ့ရင် သို့မဟုတ် အနေအထားမှားယွင်းခဲ့ရင် သင်္ကေတအသုံးအနှုန်း မမှန်ကန်တဲ့အတွက် ရသင့်တဲ့အမှတ်များ နစ်နာသွားနိုင်ပါတယ်။ ညာဘက်မှာ $g(f(x))$ လို့ ရေးရမယ့်အစား $g.(f(x))$ ဆိုပြီး circle သင်္ကေတထည့်ရေးမိရင်လည်း အမှတ်များဆုံးရှုံးမှာ ဖြစ်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုအနေနဲ့ $(2 + 3x)^5$ ဆိုတဲ့ binomial ရဲ့ $(r + 1)$ အကြိမ်မြောက်ကိန်းလုံးကို ရေးသားရာမှာ-

$$(r + 1)^{th} \text{ term of } (2 + 3x)^5 = {}^5C_r\, 2^{5-r}\, (3x)^r$$

ဆိုပြီး 3x ကို ကွင်းခတ်ရေးသားရပါမယ်။ ကွင်းခတ်ဖို့ကျန်ခဲ့ရင် ရေးသားဖော်ပြချက် မှားယွင်းတဲ့အတွက် အမှတ်များ ဆုံးရှုံးမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ $(r + 1)^{th}$ term ဆိုတဲ့ စကားလုံးကျန်ခဲ့ပြီး-

$$(2 + 3x)^5 = {}^5C_r\, 2^{5-r}\, (3x)^r$$

လို့ ရေးတတ်ကြပါတယ်။ ဒီရေးသားချက်ဟာလည်း လုံးဝမှားယွင်းတဲ့အတွက် အမှတ်များဆုံးရှုံးမှာ ဖြစ်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုအနေနဲ့

$$(x - 1)(x - 2) < 0$$

ဆိုတဲ့ မညီမျှခြင်းကို algebraic နည်းနဲ့ဖြေရှင်းရာမှာ and နဲ့ or မှားယွင်းမရေးမိဖို့ ကွင်းများပြည့်ပြည့်စုံစုံနဲ့ အနေအထားမှန်မှန် ခတ်ဖို့လိုပါတယ်။ and နဲ့ or မှားယွင်းရေးခဲ့ရင် ဒါမှမဟုတ် ကွင်းများမပြည့်မစုံအနေအထားမမှန်ဖြစ်ခဲ့ရင် ရသင့်တဲ့အမှတ်များ နစ်နာနိုင်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုအနေနဲ့ calculus သင်ခန်းစာမှာ $e^x \cos x$ ရဲ့ derivative ကိုရှာတဲ့အခါ $\frac{d}{dx}(e^x \cos x)$ လို့ ရေးရမယ့်အစား $\frac{dy}{dx}(e^x \cos x)$ ဆိုပြီး $\frac{d}{dx}$ ကို $\frac{dy}{dx}$ အဖြစ် မှားယွင်းရေးသားခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

သင်္ကေတအသုံးအနှုန်းနဲ့ပတ်သက်ပြီး နောက်ထပ်သတိပေးချင်တာတွေကတော့ function သင်ခန်းစာမှာ function တစ်ခု f ရဲ့ inverse သင်္ကေတ f^{-1} နဲ့ derivative သင်္ကေတ f' မှားယွင်းအသုံးမပြုမိဖို့၊ matrix သင်ခန်းစာမှာ matrix တစ်ခု A ရဲ့ inverse သင်္ကေတ A^{-1} နဲ့ transpose သင်္ကေတ A' လွဲမှားမရေးမိဖို့၊ calculus သင်ခန်းစာမှာ $\frac{dy}{dx}$ ရေးရမယ့်နေရာမှာ $\frac{\delta y}{\delta x}$ လို့ မှားယွင်းမရေးမိဖို့၊ vector သင်ခန်းစာမှာ vector တွေရဲ့ direction ကို ရည်ညွှန်းတဲ့မြား သင်္ကေတများ မကျန်ရစ်စေဖို့၊ နောက်ပြီး vector နှစ်ခုစားခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားတာမရှိတဲ့အတွက် $\frac{\vec{a}}{\vec{b}}$ ဆိုတဲ့ အရေးအသားမျိုး မရေးမိဖို့ geometry အပိုင်းမှာ သဏ္ဌာန်တူခြင်း similarity သင်္ကေတ ~ နဲ့ ထပ်တူညီခြင်း congruence သင်္ကေတ ≅ လွဲမှားမရေးမိဖို့ စတဲ့အချက်တွေပဲဖြစ်ပါတယ်။

ဆက်လက်တင်ပြမယ့် ဒုတိယအမှားအမျိုးအစားကတော့ သင်္ချာသဘောတရားများနဲ့ သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာ မဖော်ပြတဲ့အတွက် အဓိပ္ပာယ်မှားယွင်းခြင်း၊ မပြည့်စုံခြင်း၊ ရှေ့နောက်အဆက်အစပ်ပြတ်တောက်ခြင်းတို့ကို ဖြစ်ပေါ်စေတဲ့ အမှားမျိုးဖြစ်ပါတယ်။ ဒီအချက်ကိုလည်း ဥပမာများနဲ့ ရှင်းလင်းပါမယ်။

ပထမဥပမာအနေနဲ့ $f(x) = 2x^2 - 5x + k$ အတွက် $x - 3$ ဟာ factor တစ်ခုဖြစ်ခဲ့ရင် k ကို ရှာပါဆိုတဲ့ ပုစ္ဆာကိုတွက်ရာမှာ-

$$\begin{aligned} f(x) &= 2x^2 - 5x + k \\ &x - 3 \text{ is a factor of } f(x). \\ \therefore f(3) &= 0 \\ 18 - 15 + k &= 0 \\ k &= -3 \end{aligned}$$

ဆိုပြီး factor သီအိုရမ်ရဲ့ အနှစ်သာရကိုဖော်ညွှန်းတဲ့ $f(3) = 0$ ဆိုတဲ့ ဖော်ပြချက်ပါအောင် ဖြေဆိုရပါမယ်။ အချို့စာဖြေသူများဟာ-

$$\begin{aligned} f(x) &= 2x^2 - 5x + k \\ f(3) &= 18 - 15 + k \\ &= 3 + k \\ k &= -3 \end{aligned}$$

လို့ ဖြေတတ်ကြပါတယ်။ အဲဒီလိုဖြေခဲ့ရင် factor သီအိုရမ်ကို အသုံးပြုထားချက် $f(3) = 0$ ဆိုတဲ့ အဓိကအချက် မပါဝင်တဲ့အတွက် အဖြေမှန်သော်လည်း အမှတ်ရမှာမဟုတ်ပါ။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ calculus သင်ခန်းစာမှာ $\lim_{x \to 2} \frac{x^2 - 2x}{x^2 - 4}$ ကို ရှာခိုင်းတဲ့ပုစ္ဆာကို တွက်တဲ့အခါ-

$$\begin{aligned} &= \lim_{x \to 2} \frac{x^2 - 2x}{x^2 - 4} \\ &= \lim_{x \to 2} \frac{x(x - 2)}{(x - 2)(x + 2)} \\ &= \lim_{x \to 2} \frac{x}{x + 2} \\ &= \frac{2}{2 + 2} \\ &= \frac{1}{2} \end{aligned}$$

ဆိုပြီး ညီမျှခြင်းသင်္ကေတများကို စာတစ်ကြောင်းနဲ့တစ်ကြောင်း အဆက်အစပ်ရှိအောင် ပြည့်ပြည့်စုံစုံရေးသားပေးရပါမယ်။ ညီမျှခြင်းသင်္ကေတများမပါဘဲ တွက်ထားခဲ့ရင် တစ်ဆင့်နဲ့တစ်ဆင့် အဆက်အစပ်ပြတ်တောက်ကာ အဓိပ္ပာယ်ဖွင့်မရတဲ့အတွက် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးနိုင်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ ဖန်ရှင် $y = e^x \cos x$ ရဲ့ derivative ကို တွက်ထုတ်ရာမှာ-

$$\frac{dy}{dx} = e^x \cos x + e^x(-\sin x)$$ ဆိုပြီး $-\sin x$ ကို သေသေချာချာ ကွင်းခတ်ပြီးရေးရပါမယ်။ $-\sin x$ ကို ကွင်းမခတ်ဘဲရေးခဲ့ရင်တော့ အဓိပ္ပာယ်လွဲမှားသွားတဲ့အတွက် အမှတ်များဆုံးရှုံးနိုင်ပါတယ်။ အလားတူစွာ တစ်ခုထက်ပိုတဲ့ကိန်းလုံးတွေ ပါဝင်နေတဲ့ ကိန်းတန်းတစ်ခုနဲ့ အခြားကိန်းတစ်ခု သို့မဟုတ် ကိန်းတန်းတစ်ခု မြှောက်တဲ့အခါ ကိန်းတန်းတွေကို ကွင်းခတ်ပေးဖို့လိုပါတယ်။ ဥပမာ $2x^2 + 3y^2$ နဲ့ $4x$ တို့ရဲ့ မြှောက်လဒ်ကို ဖော်ပြရာမှာ $(2x^2 + 3y^2)\,4x$ ဆိုပြီး $2x^2 + 3y^2$ ကို ကွင်းခတ်လျက်ရေးရပါမယ်။ $2x^2 + 3y^2$ ကို ကွင်းမခတ်ဘဲရေးခဲ့ရင် အမှန်တကယ်ဆိုလိုချင်တဲ့အဓိပ္ပာယ် မသက်ရောက်တဲ့အတွက် အမှတ်များ ဆုံးရှုံးပါလိမ့်မယ်။

ဆက်လက်တင်ပြမယ့် တတိယအမှားအမျိုးအစားကတော့ အရေးကြီးတဲ့တွက်ချက်မှုအဆင့်များ၊ အချက်အလက်များမပါခြင်း၊ လိုအပ်တဲ့အဖြေမရရှိသေးမီ ဖြေဆိုတွက်ချက်မှုကို ရပ်တန့်လိုက်ခြင်းတို့ ဖြစ်ပါတယ်။ ဒါကိုလည်း ဥပမာများနဲ့ ဆွေးနွေးရှင်းလင်းပါမယ်။

$x * y = 3x^2 - 5xy + 3y^2$ ပုံသေနည်းနဲ့ သတ်မှတ်ပေးထားတဲ့ binary operation ဟာ commutative ဖြစ်ကြောင်း သက်သေပြရာမှာ-

$$\begin{aligned} x * y &= 3x^2 - 5xy + 3y^2 \\ y * x &= 3y^2 - 5yx + 3x^2 \\ &= 3x^2 - 5xy + 3y^2 \\ \therefore x * y &= y * x \end{aligned}$$

$$\therefore * \text{ is commutative}$$

ဆိုပြီး ပြည့်ပြည့်စုံစုံရေးသား တွက်ချက်ရပါမယ်။ အထူးသဖြင့် $x * y = y * x$ ဆိုတဲ့ commutativity ရဲ့ အဓိပ္ပာယ်ကိုဖော်ညွှန်းတဲ့ ရေးသားဖော်ပြချက် မဖြစ်မနေပါဖို့လိုပါတယ်။ အဲဒီလိုမပါခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ ကိန်းတန်း $f(x) = x^3 - 3x^2 + 5x - 9$ ကို $x - 3$ နဲ့ စားတဲ့အခါ ရရှိမယ့်အကြွင်း (remainder) ကိုရှာရာမှာ-

$$\begin{aligned} f(x) &= x^3 - 3x^2 + 5x - 9 \\ &f(x) \text{ is divided by } x - 3 \\ f(3) &= 27 - 27 + 15 - 9 \\ &= 6 \\ \therefore \text{remainder} &= 6 \end{aligned}$$

ဆိုပြီး ပြည့်ပြည့်စုံစုံရေးသား တွက်ချက်ရပါမယ်။

အချို့စာဖြေသူများဟာ-

$$\begin{aligned} f(x) &= x^3 - 3x^2 + 5x - 9 \\ &f(x) \text{ is divided by } x - 3 \\ f(3) &= 27 - 27 + 15 - 9 \\ &= 6 \end{aligned}$$

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

အဆင့်နဲ့ ရပ်တန့်ထားပြီး remainder = 6 ဆိုတဲ့ ရေးသားဖော်ပြချက်ကို ချန်ထားတတ်ကြပါတယ်။ ဒီပုစ္ဆာမှာ remainder ဟာ ပုစ္ဆာရဲ့သော့ချက်စကားလုံး (key word) ဖြစ်ပြီး မိမိတို့ရဲ့အဖြေမှာ အဲဒီ key word မပါခဲ့ရင် ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးပါလိမ့်မယ်။

နောက်ထပ်ဥပမာတစ်ခုအနေနဲ့ inequation တစ်ခု သို့မဟုတ် system of equations တစ်ခုရဲ့ solution set ကို ရှာခိုင်းတဲ့ပုစ္ဆာမှာ solution တွေကို စုစည်းပြီး set တည်ဆောက်ပေးတဲ့အဆင့်အထိ တွက်ပေးရမှာဖြစ်ပါတယ်။ အချို့စာဖြေသူများဟာ solution set တည်ဆောက်ပေးတဲ့အဆင့်ကို ချန်ထားခဲ့တဲ့အတွက် ရသင့်တဲ့အမှတ်များ ဆုံးရှုံးရပါတယ်။ အလားတူ ပေးထားတဲ့ညီမျှခြင်းတစ်ခု မှန်ကန်ကြောင်း သက်သေပြခိုင်းတဲ့ ပုစ္ဆာကို ဖြေရှင်းရာမှာ ညီမျှခြင်းရဲ့ဘယ်ဘက်ခြမ်းနဲ့ ညာဘက်ခြမ်းကို သီးခြားစီတွက်ခဲ့ရင် ပုစ္ဆာက နောက်ဆုံးလိုချင်တဲ့ အဖြေဖြစ်တဲ့ ညီမျှခြင်းရဲ့ဘယ်ဘက်ခြမ်းနဲ့ ညာဘက်ခြမ်း ညီပါတယ်ဆိုတဲ့ ကောက်ချက် (conclusion) ချတဲ့အထိ ရေးပေးရမှာဖြစ်ပါတယ်။ အဲဒီလိုကောက်ချက်မပါခဲ့ရင်လည်း ရသင့်တဲ့အမှတ်အချို့ ဆုံးရှုံးနစ်နာနိုင်ပါတယ်။

နောက်ဥပမာတစ်ခုအနေနဲ့ function သုံးခု f, g နဲ့ h တို့ပေါင်းစပ်ထားတဲ့ function $f\circ(g\circ h)$ ရဲ့ formula ရှာရာမှာ-

$$(f\circ(g\circ h))(x) = f((g\circ h)(x)) = f(g(h(x)))$$

လို့ တစ်ဆင့်ချင်း ပြည့်စုံစွာရေးသားတွက်ချက်ရပါမယ်။

$$(f\circ(g\circ h))(x) = f(g(h(x)))$$

လို့ အဆင့်ကျော်ပြီးရေးသားခဲ့ရင် '∘' operation နှစ်ခုအနက် ဘယ် operation ကို အရင်ဖြေရှင်းတယ်ဆိုတာ မပါဝင်၊ မပေါ်လွင်တဲ့အတွက် ရသင့်တဲ့အမှတ်များ ဆုံးရှုံးနိုင်ပါတယ်။

ဆက်လက်တင်ပြမယ့် စတုတ္ထအမှားမျိုးကတော့ ပုစ္ဆာကသတ်မှတ်ပေးထားတဲ့ တွက်ချက်နည်းမျိုးနဲ့ မတွက်ချက်ဘဲ အခြားနည်းများနဲ့တွက်ချက်တဲ့ မှားယွင်းမှုမျိုးဖြစ်ပါတယ်။ ဥပမာအားဖြင့် inequation တစ်ခုရဲ့ solution set ရှာတဲ့ပုစ္ဆာမှာ graphical method နဲ့တွက်ပါလို့ သတ်မှတ်ထားရင် အဲဒီနည်းနဲ့ပဲ တွက်ပေးရမှာဖြစ်ပါတယ်။ algebraic method နဲ့တွက်မယ်ဆိုရင် အဖြေမှန်ပေမယ့် အမှတ်ရမှာမဟုတ်ပါ။ အလားတူစွာ matrix တစ်ခုရဲ့ inverse ရှာတဲ့ပုစ္ဆာမှာ use the definition of inverse matrix လို့ ပြောထားရင် inverse matrix ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက် သုံးပြီးတွက်ချက်မှ အမှတ်ရပါမယ်။ calculus သင်ခန်းစာမှာ function တစ်ခုရဲ့ derivative ကို first principle သုံးပြီးရှာပါလို့ မေးလာခဲ့ရင် အဲဒီနည်းနဲ့တွက်ချက်မှသာ အမှတ်ရမှာဖြစ်ပါတယ်။

မှားတတ်တဲ့ အမှားပုံစံ(၄)မျိုးကို ဆွေးနွေးရှင်းလင်းပြီးတဲ့နောက် စာဖြေသူများကို သတိပေးလိုတဲ့အချက်တစ်ချက်က ကိန်းဂဏန်းများတွက်ချက်ရှင်းလင်းမှု (numerical calculation) နဲ့ အက္ခရာကိန်းတန်းများစုစည်းရှင်းလင်းမှု (algebraic manipulation) များ ပြုလုပ်ရာမှာ မမှားအောင်သတိပြုကြဖို့ဖြစ်ပါတယ်။ စာဖြေသူတွေရဲ့ ရသင့်ရထိုက်တဲ့အမှတ်များကို ဆုံးရှုံးနစ်နာစေတဲ့ အကြောင်းရင်းတွေထဲမှာ ဒီလိုအချက်မျိုးလည်း ပါဝင်နေပါတယ်။ ဆက်လက်ပြီး ပြောကြားချင်တာတွေကတော့ ဂျီဩမေတြီပုစ္ဆာများဖြေရှင်းရာမှာ လိုအပ်တဲ့ပုံများကို မှန်ကန်စွာဆွဲသားကြဖို့၊ ဇယားသုံးတွက်ချက်မှုများရှိပါက ထိုဇယားသုံးတွက်ချက်မှုများကိုပါ ဖော်ပြပေးကြဖို့ စတဲ့အချက်များဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူများကို အကြံပြုချင်တဲ့ နောက်တစ်ချက်ကတော့ တက္ကသိုလ်ဝင် သင်္ချာမေးခွန်းလွှာမှာပါတဲ့ Section (A), Section (B), Section (C) အပိုင်းအသီးသီးကိုဖြေဆိုရာမှာ တစ်ပိုင်းစီအတွက် ဖြေဆိုချိန် ဘယ်လောက်ယူသင့်တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အကြမ်းအားဖြင့် Section (A) က multiple choice question (၂၅)ပုဒ်ကို အများဆုံး မိနစ် (၃၀)နဲ့ (၄၀)အတွင်းမှာ အပြီးဖြေဆိုနိုင်ဖို့ လိုအပ်ပါတယ်။ Section (B) ရဲ့ (၃)မှတ်တန် ပုစ္ဆာ (၅)ပုဒ်ကိုတော့ အများဆုံး (၂၅)မိနစ်နဲ့ (၃၀)အတွင်း အပြီးဖြေဆိုနိုင်ဖို့ လိုအပ်ပါတယ်။ Section (C) က (၁၀)မှတ်တန် ပုစ္ဆာ (၆)ပုဒ်ကိုတော့ အများဆုံး မိနစ်(၉၀)လောက်နဲ့ အပြီးဖြေဆိုနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီနှုန်းတွေအတိုင်း ဖြေဆိုနိုင်မယ်ဆိုရင် မိမိတို့ရဲ့ ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန် အနည်းဆုံး မိနစ် (၂၀)ခန့် ကျန်ရှိမှာဖြစ်ပါတယ်။ ဒီလို မိမိတို့ရဲ့ ရေးသားဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရာမှာ အကြံပြုချင်တဲ့အချက်တစ်ရပ်ရှိပါတယ်။ အဲဒါကတော့ စာမေးပွဲမှာမေးတဲ့ မေးခွန်းပုစ္ဆာအချို့အတွက် မိမိတို့ရဲ့အဖြေများ မှန်မမှန်ကို ပုစ္ဆာရဲ့ပေးထားချက်တွေနဲ့ ပြန်လည်ချိန်ကိုက် စစ်ဆေးကြည့်နိုင်တယ်ဆိုတဲ့ အချက်ပါ။

ဥပမာ Solve the equation $x^3 - 6x^2 + 11x - 6 = 0$ ဆိုတဲ့ပုစ္ဆာကိုတွက်ချက်လို့ အဖြေ $x = 1$ or $x = 2$ or $x = 3$ လို့ ရခဲ့ရင် မိမိတို့ရဲ့အဖြေများ မှန်မမှန်ကို $x = 1, 2, 3$ တို့ကို ပေးထားတဲ့ညီမျှခြင်းရဲ့ ဘယ်ဘက်ခြမ်းမှာ အစားထိုးကြည့်ပြီး ညာဘက်က သုညနဲ့ညီ မညီ ကြည့်ခြင်းဖြင့် စစ်ဆေးလို့ရပါတယ်။

အလားတူစွာ The sum and product of three numbers in A.P. are 15 and 80 respectively. Find the numbers. ဆိုတဲ့ ပုစ္ဆာကိုတွက်ချက်ပြီးလို့ ရရှိတဲ့အဖြေ မှန်မမှန်သိချင်ရင် မိမိရရှိတဲ့ ကိန်းသုံးလုံးဟာ A.P. ဖြစ်မဖြစ်၊ အဲဒီကိန်းတွေကိုပေါင်းရင် 15 ရ မရ၊ မြှောက်ရင် 80 ရ မရဆိုတဲ့အချက်သုံးချက်နဲ့ စစ်ဆေးလို့ရပါတယ်။ ဒီလိုချိန်ကိုက်စစ်ဆေးမှုမျိုးဟာ ထိရောက်သေချာပြီး အချိန်ကုန်လည်းသက်သာစေပါတယ်။

ယခုတင်ပြခဲ့တဲ့ ဆွေးနွေးချက်တွေကို စုစည်းပြီး အကျဉ်းချုပ်မှာကြားလိုတာကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ သင်္ချာဘာသာဖြေဆိုရာမှာ-

(၁) ကိန်းဂဏန်းတွက်ချက်မှု (numerical calculation) နဲ့ အက္ခရာကိန်းတန်းများစုစည်းရှင်းလင်းမှု (algebraic manipulation)များပြုလုပ်ရာမှာ မမှားအောင် သေသေချာချာဂရုစိုက်တွက်ချက်ပါ။

(၂) သင်္ကေတတွေကို စနစ်တကျမှန်မှန်ကန်ကန်ရေးပါ။

(၃) အရေးကြီးတဲ့ မပါမဖြစ်လိုအပ်တဲ့ အဆင့်တွေကို မကျော်ပါနဲ့။ အသေးစိတ်ပြည့်စုံတိကျစွာ ရေးသားတွက်ချက်ပါ။

(၄) မေးခွန်းက တောင်းဆိုတဲ့အဖြေ ရရှိတဲ့အထိ တွက်ချက်ပါ။

(၅) ပုစ္ဆာကမေးထားတဲ့ သော့ချက်စကားလုံး (key word) များ မိမိတို့ရဲ့အဖြေမှာပါဝင်ပါစေ။

(၆) ပုစ္ဆာမှာ တွက်နည်းကိုကန့်သတ်ထားရင် ကန့်သတ်ထားတဲ့တွက်နည်းနဲ့ပဲ တွက်ပါ။

(၇) မိမိတို့ရဲ့ စာဖြေချိန်ကို စနစ်တကျ ခွဲဝေအသုံးချပြီး ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန် အနည်းဆုံး မိနစ် (၂၀)ခန့်ရအောင်ယူလျက် ပြန်လည်စစ်ဆေးကြပါ။

စတဲ့အချက်များပဲ ဖြစ်ပါတယ်။

အဲဒီအပြင် သင်္ချာသင်ရိုးတစ်ခုလုံးမှာပါဝင်တဲ့ သီအိုရီသဘောတရားတွေ၊ မှန်ကန်ချက်တွေ၊ ပုံသေနည်းတွေကို ပိုင်ပိုင်နိုင်နိုင်နားလည်မှတ်မိနေအောင် လေ့ကျက်ထားကြပါ။ ပုစ္ဆာများကို ကျွမ်းကျွမ်းကျင်ကျင် လျင်လျင်မြန်မြန် ဖြေရှင်းနိုင်အောင် ထပ်တလဲလဲလေ့ကျင့်ထားကြပါလို့လည်း တိုက်တွန်းလိုပါတယ်။ ယခုဆွေးနွေးပို့ချ အကြံပေးခဲ့တဲ့အချက်တွေကို တိတိကျကျလိုက်နာကြမယ်ဆိုရင် သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်၊ ရာပြည့်မှတ်များနဲ့ အောင်မြင်ဖို့ အပြည့်အဝသေချာပါကြောင်း ပြောကြားရင်း ဒီပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၀၇(အေ)တွင် တည်ရှိသော GUEST CARE INTERNATIONAL LIMITED ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၁၁၀၂/၁၉၉၃-၁၉၉၄ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် NEO® နီရိုအား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်စာချုပ်အမှတ် ၄/၁၃၂၁၀/၂၀၁၁ အား ၃၀-၁၂-၂၀၁၁ရက်စွဲဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

၄/၁၃၂၁၀/၂၀၁၁

အထက်ဖော်ပြပါ NEO® နီရို ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် နိုင်ငံတကာ အဆင့်မြင့်ကော်ဖီမျိုးစုံ၊ ဖျော်ရည်မျိုးစုံ၊ ရေခဲမုန့်မျိုးစုံ၊ အချိုပွဲမျိုးစုံ၊ မုန့်မျိုးစုံ၊ အသင့်စားဟင်းလျာမျိုးစုံ၊ အစားအစာမျိုးစုံထုတ်လုပ်သည့် လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများနှင့်ဆက်နွှယ်ပတ်သက်သော စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို အထက်ပါ လိပ်စာမှပင်ထုတ်လုပ်ပြီး ရန်ကုန်မြို့ နေရာဒေသအသီးသီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကားဖြန့်ချိဖွင့်လှစ် ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ GUEST CARE INTERNATIONAL LIMITEDက မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အဆိုပါကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီ၏ လုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့်လည်းကောင်း၊ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက်လည်းကောင်း ငွေကြေးတောင်းဆိုသွားမည်ဖြစ်ကြောင်းနှင့် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တုပပြုလုပ်ထားသည့် တံဆိပ်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L.D.M.L, D.A(Psy)
WIPO, D.L.P (Switzerland)
Diploma in International Law
High Court Advocate & Legal Advisor

နေအိမ်
အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊
၀၉-၅၀၄၂၀၀၃

ရုံးခန်း
အမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၃၇၂၃၃၀

၁၁-၁-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ ပါ ဒေါ်ခင်အေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလိမ္မော်၏ အများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍

ပြန်လည်ရှင်းလင်းကန့်ကွက်တားမြစ်ကြေညာခြင်း

လူကြီးမင်းတို့၏ဖော်ပြချက်ပါ အများသိစေရန်ကြေညာချက်အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း(ယခင်ဦးဘဟန်လမ်း) အမှတ် ၈၉တွင်တည်ရှိသော စိန်နဂါး ကြွေ/မြေကုန်ထုတ်သမဝါယမအသင်း၊ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထွဏ်းရည်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကန့်ကွက်တားမြစ်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါကြေညာချက်ပါ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂(သမိုင်း)၊ မြေကွက်အမှတ် ၁၃(က)၊ ဧရိယာ ၉ ဒသမ ၇၈၂ဧကရှိ မြေပိုင်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်အေးဝင်း၏ မွေးစားမိဘများဖြစ်ကြသော ဦးသော်၊ ဒေါ်လှခင်တို့ အသက်ထင်ရှားရှိစဉ်ကလည်းကောင်း၊ ၎င်းတို့ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်လာသူ ဒေါ်ခင်အေးဝင်းက လည်းကောင်း တစ်စုံတစ်ဦးကိုမျှ တရားဝင်ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိပါ ဟူသည့် ကြေညာချက်ကို ပြင်းထန်စွာ ကန့်ကွက်ပါသည်။ ကြေညာချက် ဖော်ပြချက်များသည် လုံးဝမှန်ကန်ခြင်းမရှိပါ။

ဖော်ပြပါမြေကွက်အနက်မှ မူလကတည်းကရှိနေပြီးဖြစ်သော လူနေအိမ်ရာများနှင့် ကင်းလွတ်သည့် အထက်ဗဟိုလမ်း(ဦးဘဟန်လမ်း)ဘက်သို့ မျက်နှာမူလျက်တည်ရှိသော မူလပိုင်ရှင်ဦးသော်လှူဒါန်းထားသည့် အများပြည်သူသုံးရေကန်နှင့် တစ်ဆက်တစ်ဆပ်တည်းရှိသည့် စက်ရုံအဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများနှင့်စက်ရုံတည်ရှိရာမြေဧရိယာ၂ဒသမ၆၉၂ဧကမြေကိုဦးသော်၏ဇနီးဒေါ်လှခင် အသက်ထင်ရှားရှိနေစဉ် ဒေါ်လှခင်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး စာချုပ်အမှတ် ၂၂၇/၁၉၈၂(၅-၄-၁၉၈၂)အရ စိန်နဂါး ကြွေမြေကုန်ထုတ်သမဝါယမအသင်း (ယခင်ကြွေမြေကုန်ထုတ်သမဝါယမအသင်း)က အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ စာချုပ်တွင် ရောင်းသူဒေါ်လှခင်၏ ကိုယ်စားလှယ်စာရသူ ဒေါ်ခင်အေးဝင်းက လက်မှတ်ရေးထိုးခဲ့သည်ကိုလည်း လူကြီးမင်းတို့သိရှိပြီးဖြစ်ပါသည်။

၎င်းပြင် စက်ရုံနောက်ဖေးကပ်လျက်ရှိသော အလုပ်သမားတန်းလျားနေရာ တည်ရှိရာမြေကွက်ကိုလည်း ဒေါ်ခင်အေးဝင်းတို့ထံသို့ မြေကွက်တန်ဖိုးပေးချေ၍ သမဝါယမအသင်းက လက်ရောက်ရယူအကျိုးခံစားလျက်ရှိပါသည်။ အထက်ဖော်ပြပါ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့သော စက်ရုံမြေနှင့် စပ်လျဉ်း၍ မြေကွက်ခွဲစိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေကွက်ခွဲစိတ်ရေးကိစ္စလျှောက်ထားဆောင်ရွက်ဆဲဖြစ်ပါသည်။

ထိုသို့ စက်ရုံမြေနေရာကို ဝယ်ယူခဲ့သည့်အချိန်က စက်ရုံနောက်ဖေးအောက်ဗဟိုလမ်းကိုဖောက်လုပ်ရခြင်းမရှိသေးပါ။ ထိုစဉ်က စက်ရုံအဆောက်အအုံမှာ ယခုအထက်ဗဟိုလမ်း (ယခင်ဦးဘဟန်လမ်း)ဘက်ရှိ အများသုံးရေကန်ဘက်သို့ မျက်နှာမူလျက်ရှိပါသည်။ အဆိုပါရေကန်ကို မူလပိုင်ရှင်ဦးသော်အနေဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကတည်းက ဗမာပိုင် ကနဦးပုဂံစက်ထူထောင်စဉ်က ပင်တူးဖော်ပြီး အများပြည်သူသောက်သုံးရေကန်အဖြစ် အပြီးအပိုင်လှူဒါန်းခဲ့သော ရေကန်ဖြစ်ပါသည်။ ထိုအချိန်မှစပြီး ယနေ့တိုင်အများပြည်သူများက လွတ်လပ်စွာ အသုံးပြုလာခဲ့ပါသည်။ စက်ရုံမြေနေရာ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် အပြီးအပိုင်လှူဒါန်းထားသော ရေကန်မြေနေရာကိုချန်လှပ်၍ လစ်လပ်သော မြေနေရာများကို ထည့်သွင်း အရောင်းအဝယ်ပြုလုပ်ခဲ့ကြခြင်းဖြစ်ပါသည်။

ထို့နောက် ဖော်ပြပါစက်ရုံမျက်နှာစာရှိ ရေကန်ကို ၅-၇-၁၉၈၂ ရက်စွဲပါ အပြီးအပိုင် လှူဒါန်းခြင်းစာချုပ်အရ စက်ရုံနှင့် ရပ်ကွက်နေလုပ်သားပြည်သူများက ဆက်လက်သုံးစွဲရန် ရည်သန်၍ ကြွေမြေကုန်ထုတ်သမဝါယမအသင်းသို့ ဒေါ်ခင်အေးဝင်းက လက်မှတ်ရေးထိုး၍ ထပ်ဆင့်လှူဒါန်းအပ်နှံခဲ့ပါသည်။ သမဝါယမအသင်းက ဒေါ်ခင်အေးဝင်းသို့ လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းပင်ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။ ထိုစဉ်မှစ၍ ရေကန်ကို သမဝါယမအသင်းက အများပြည်သူသုံးရေကန်အဖြစ် လက်ခံ၍ လက်ဝယ်ထားရှိစီမံအုပ်ချုပ်ထိန်းသိမ်းလာခဲ့ပါသည်။ ရေကန်ပေါ်တွင် ရပ်ကွက်နေအများပြည်သူများက ရှင်ဥပဂုတ္တဖောင်တော်ကျောင်းဆောင်တည်ဆောက်၍ ဝတ်ပြုကိုးကွယ်ရာ ဓမ္မာရုံအဖြစ် အသုံးပြုလျက်ရှိပါသည်။ အများပြည်သူ စဉ်ဆက်မပြတ်အသုံးပြုခွင့်ရရှိခဲ့သည်မှာ ယခုဆိုလျှင် အနှစ် ၇၀ ခန့်ရှိပြီဖြစ်ပါသည်။

ဖော်ပြပါအခြေအနေတွင် အဆိုပါရေကန်ကို အများပြည်သူကိုယ်စား လက်ဝယ်ထားရှိထိန်းသိမ်းစီမံအုပ်ချုပ်လျက်ရှိသူ စိန်နဂါးကြွေမြေကုန်ထုတ်သမဝါယမအသင်း ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ၁၄-၁၂-၂၀၁၁ရက်တွင် ဒေါ်ခင်အေးဝင်း၏ ကိုယ်စားလှယ်ဆိုသူများက ကျူးကျော်ဝင်ရောက်၍ ခြံခတ်ကာရံခြင်းများ ပြုလုပ်ခဲ့သည်ကိုလည်း ကန့်ကွက်တားမြစ်ပါသည်။

ထိုသို့ပြုလုပ်ခဲ့သော အကာအရံများကို ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်းအပြီးအပိုင်ပြန်လည်ဖျက်သိမ်းဖယ်ရှားပေးရန် တောင်းဆိုပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမောင်(စဉ်-၃၄၁၄) ဦးစိုးသိန်း(စဉ်-၄၂၉၀) ဦးအေးနိုင်(စဉ်-၅၀၈၇)
တရားလွှတ်တော်ရှေ့နေကြီးများ
အမှတ် ၁၅၈/၁၆၈၊ အခန်း ၁၈၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၇၃၂၀၄၈၃၄၊ ၀၉-၇၃၀၃၂၃၄၃၊ ၀၉-၄၉၅၈၀၂၅၈

စစ်တွေတက္ကသိုလ် ဒသမအကြိမ် ဘွဲ့နှင်းသဘင်

ဓာတ်ပုံတင်ဒါခေါ်ယူခြင်း

၁။	ခေါ်ယူမည့်တင်ဒါ	- ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည့် ဦးဥတ္တမခန်းမ(အတွင်း/အပြင်)
၂။	တင်ဒါသက်တမ်း	- ၄-၂-၂၀၁၂ရက်မှ ၆-၂-၂၀၁၂ရက်အထိ (၃)ရက်
၃။	တင်ဒါပုံစံရောင်းချမည့်နေရာ	- စစ်တွေတက္ကသိုလ်၊ စီမံရေးရာဌာနခွဲ
၄။	စတင်ရောင်းချမည့်နေ့ရက်	- ၂၀-၁-၂၀၁၂ရက် (သောကြာနေ့)
၅။	တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/	- ၂၇-၁-၂၀၁၂ရက် (သောကြာနေ့)
	အချိန်၊ နေရာ	- ၁၆း၀၀နာရီ၊ ပါမောက္ခချုပ်ရုံးခန်း၊ စစ်တွေတက္ကသိုလ်

၆။ အသေးစိတ်အချက်အလက်များကိုလူကိုယ်တိုင်ဖြစ်စေ၊တယ်လီဖုန်းအမှတ် ၀၄၃-၂၂၃၃၈၊၀၄၃-၂၂၃၄၀တို့သို့ဖြစ်စေဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်ပုံရိုက်လုပ်ငန်းစိစစ်ခွင့်ပြုကြီးကြပ်ရေးအဖွဲ့
စစ်တွေတက္ကသိုလ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်းမိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စ ဂျူလီယာ ဂေးလဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက်ဟာမစ်အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက်ဟာမစ်အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သချာင်္ဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။

လက်နက်ကိုင်ဆန့်ကျင်မှုချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းမှုတည်ဆောက်ရေး ဖော်ဆောင်လျက်ရှိ နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှ ရေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြရာ နံနက် ၉ နာရီတွင် ကျွန်းစုမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း တောင်ဒဂုံ ဆီကြိတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ကျွန်းစုဆိပ်ကမ်း၌ ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များ လိုက်ပါလျက် ကျွန်းစုမြို့နယ် ကျွန်းရတနာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍

စာမျက်နှာ ၈ ကော်လံ ၁ ❖

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှု အဓိကအကြောင်းအရင်း စစ်ဆေးတွေ့ရှိပြီ စာ-၅

သတိထားသင့်သည့် ခြံ၊ မြေ၊ လယ်ယာမြေ စိတ်ပိုင်းရောင်းဝယ်နေမှုများ စာ-၅

နေမုန်တိုင်းများ ကမ္ဘာသို့ ကျရောက်နိုင် စာ-၆

တရုတ်နိုင်ငံရှိ လူသုံးကုန်ပစ္စည်းအများစု နဂါးနှစ်အမှတ်အသားများ ပြုလုပ်လာကြ

➤ ခင်လေးမြင့်အောင် - ရေးသားသည် ➤

ပီကင်း ဇန်နဝါရီ ၂၅

အနောက်နိုင်ငံအများစု၌ ယနေ့အခါသမယသည် နှစ်သစ်ကူးကာလဖြစ်ခြင်းကြောင့် အရောင်းပွဲတော်များ၊ ဈေးပွဲတော်များဖြင့် အပြိုင်အဆိုင်ရောင်းဝယ်မှု အားကောင်းလျက်ရှိနေသည်။ နဂါးနှစ်သစ်အတွင်း စီးပွားရေးလမ်းပွင့်မည်ဟု ယုံကြည်ကြသော တရုတ်နိုင်ငံ၌လည်း နာမည်ကြီး ကုန်အမှတ်တံဆိပ်များတွင် နဂါးနှစ်ကိုယ်စားပြု အမှတ်အသားများ ရိုက်နှိပ်ကာ စီးပွားရေးလုပ်ငန်းများ အဆတိုးရန် ဆောင်ရွက်လာကြကြောင်း စီအင်န်အင်န်သတင်းဌာနက ဇန်နဝါရီ ၂၄ ရက်စွဲဖြင့် သတင်းရေးသားခဲ့သည်။

*တရုတ်နိုင်ငံအတွက် ယခုနဂါးနှစ်သစ်(**အပေါ်ပုံ**)တွင် ကျောက်မျက်ရတနာများ၊ ကားလုပ်ငန်းများနှင့် ကော်ဖီလုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်ဟူသော အရှေ့တိုင်းဟောကိန်းများကြောင့် တရုတ်နိုင်ငံမှ ပြည်ပတွင်ရင်းနှီးမြှုပ်နှံသူ စီးပွားရေးသမားအများစုမှာ နဂါးနှစ် ကုန်အမှတ်တံဆိပ်များနှင့်အတူ ဈေးကွက်ချဲ့ထွင်လာကြသည်။* ***စာမျက်နှာ ၃ ကော်လံ ၅*** ✳

26-1 (20).pmd 1 1/26/2012, 2:13 AM